


mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ခင်မြဇင်

# ဆည်းဆာချိန်တိမ်နီများ

နတ်သျှင်နောင်က သူ့ကိုယ်သူတော့ သစ္စာမဖောက်ခဲ့ဘူး ဆိုတဲ့ အချက်ပါပဲ...။

-ပင်းလှ

နတ်သျှင်နောင်အကြောင်းက ကျွန်မကို ကာလယန္တရားစက်ထဲ ထည့်လွှတ်လိုက်သလို သိနားလည်သွားတဲ့အထိ ဆွဲဆောင်ခဲ့တဲ့ ဝတ္ထု ဖြစ်နေလို့ပါ...။

-ချို

ဆည်းဆာချိန်တိမ်နီများ (ခင်မြဇင်)
9 782022 000145

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၄)

## ပုံနှိပ်မှတ်တမ်း




# ဆည်းဆာချိန် တိမ်မိန်များ
## ခင်မြဇင်

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ သံလွင်ငြိမ်းချမ်းစာပေ (၂၀၁၂)
ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ
မျက်နှာဖုံးဒီဇိုင်း - ဗဂျီလင်းဝဏ္ဏ
အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ - ၇၀၀
စာအုပ်တန်ဖိုး - ၈၀၀၀ ကျပ်
ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ခင်မြဇင်
ဆည်းဆာချိန် တိမ်မိန်များ / ခင်မြဇင်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၂၈၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၄) ဆည်းဆာချိန် တိမ်မိန်များ

mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၅၆ ခုနှစ်၊ ဆင်ဖြူကျွန်းမြို့နယ်တွင် အဖ ဦးမြခင်၊ အမိ ဒေါ်လေးသောင်း တို့မှ မွေးဖွားခဲ့သည်။

၁၉၇၉ ခုနှစ်၊ ဇွန်လထုတ် မိုးဝေမဂ္ဂဇင်းတွင် "အမေဆရာမ" ဝတ္ထုတိုမှ စတင်ကာ ကဗျာ၊ အနုပညာ ဆောင်းပါး၊ သရော်စာ၊ မဂ္ဂဇင်းဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်များ စဉ်ဆက်မပြတ် ရေးသားခဲ့။ တက္ကသိုလ်အနုပညာအသင်း ပန်းချီ ခန်းမကို အခြေခံသည့် ကုံကော်ရှာ ပန်းချီအဖွဲ့ဝင် ဖြစ်ပြီး ကုံကော်ရှာ နှစ်စဉ် ပြပွဲများနှင့် အချို့ပွဲများတွင် ပါဝင်ပြသခဲ့သည်။ ၁၉၈၅၊ ၁၉၉၀ ခုနှစ်တွင် "အမေ ဆရာမ" ဝတ္ထုတိုကို ဂျပန်ဘာသာနှင့် ရုရှားဘာသာသို့လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် "ချောင်းခြားတေး" ဝတ္ထုတိုကို ဂျပန်ဘာသာသို့လည်းကောင်း ရွေးချယ် ဘာသာပြန် ထုတ်ဝေခြင်း ခံရသည်။

ထို့နောက် "ပန်းတစ်ပွင့်၏ အရောင်အသွေး" လုံးချင်းဝတ္ထု (၁၉၉၇)၊ "စိတ်ကူးမြစ်၏ တစ်ဖက်ကမ်းပါး" လုံးချင်းဝတ္ထု (၂၀၀၄)၊ "ကြိုးမဲ့နှောင်အိမ် ဝတ္ထုတိုများ" (၂၀၀၆)၊ "မိုးရွာပြီးစ ညနေခင်း ကဗျာများ" (၂၀၀၆)၊ "မျိုးဆက် ၃ ဆက် မြန်မာအမျိုးသမီး ပန်းချီဆရာများ" (၂၀၀၇)၊ "မြန်မာ့အမျိုးသမီး ပန်းချီ ဆရာမများ" (အင်္ဂလိပ်ဘာသာဖြင့်- ၂၀၀၉)၊ "ယောင်တောင်တောင် တစ်ရာ့ကိုးဇင် ၏ ကြောင်တောင်တောင် ဖွင့်ဟဝန်ခံချက်များ" (၂၀၁၀)၊ "ကောင်းကင်မိုးတိမ် နှင့် အခြားဝတ္ထုတိုများ" (၂၀၁၂)၊ "ဆည်းဆာချိန်တိမ်နီများ" လုံးချင်းဝတ္ထု (၂၀၁၂)၊ "အဝိဇ္ဇာ မြို့ကလေး" လုံးချင်းဝတ္ထု (၂၀၁၃)၊ "ဆယ်လီဗလစ်တီတစ်ရာ့ကိုးဇင်နှင့် ကြောင်တောင်တောင်စာစုများ" (၂၀၁၄)၊ "အဝေးကကြယ်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ"

mgyoe.com

mgyoe.com


(၂၀၁၅)၊ "မေလ၏ ပန်းများနှင့် အခြားဝတ္ထုတိုများ" (၂၀၁၆)၊ "သစ်သီးတစ်ခြမ်းနှင့် အခြားဝတ္ထုတိုများ" (၂၀၁၆)၊ "ဝေးဝေးထွက်ပြေးသွား ကျုံးကို မုန်းလို့လား" (၂၀၁၇)၊ "သံသရာ. . . ကြမ္မာစေရာလှမ်း" လုံးချင်းဝတ္ထု (၂၀၁၉)၊ "သူစိမ်းတရံများနှင့် အိမ်အပြန် မင်္ဂဇင်းဝတ္ထုတိုများ" (၂၀၂၀)၊ "နီးခြင်းဝေးခြင်း တစ်ဘဝစာ" လုံးချင်းဝတ္ထု (၂၀၂၀)၊ "မိုးနှောင်းသံထင်အခါ" လုံးချင်းဝတ္ထု (၂၀၂၂)၊ "ကြိုးမဲ့နှောင်အိမ် ဝတ္ထုတိုများ" (ဒုတိယအကြိမ်-၂၀၂၂) စသည့် စာအုပ်များ ထုတ်ဝေခဲ့။

၂၀၀၇ ခုနှစ်တွင် "မျိုးဆက်သုံးဆက် မြန်မာအမျိုးသမီး ပန်းချီဆရာမများ" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေ စာပေဆု၊ ၂၀၁၂ ခုနှစ်တွင် "ကောင်းကင်မိုးတိမ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ဖြင့် တော်ဘုရားကလေးစာပေဆုနှင့် အမျိုးသားစာပေ (ဝတ္ထုတို) ဆုတို့ကို ရရှိခဲ့သည်။

ယခုအခါ စာများ ရေးသားခြင်း၊ ရုံဖန်ရံခါ ပန်းချီကားများ ရေးဆွဲခြင်းတို့ကို သား ပန်းချီဆရာ အုန်းခိုင်ဇင်နှင့်အတူ နေထိုင်ကာ ပြုလုပ်လျက် ရှိသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ ဒုတိယအကြိမ်အတွက် အမှာ

သန်လျင်ရောက် နတ်သျှင်နောင်၏ ဘဝတပိုင်းကို ဖော်ပြထားသော "ဆည်းဆာချိန်တိမ်နီများ" စာအုပ်တွင် ဟံသာဝတီဘုရင် ဘုရင့်နောင်မင်းကြီး၏ သားတော် နန္ဒဘုရင်လက်ထက် သမိုင်းဖြစ်စဉ်များမှ အခြေခံခဲ့ပါသည်။ ကိုယ်လုပ်တော်ကြီးတစ်ပါးဖြစ်လာမည့် မြင့်ဘုန်းရှိနှင့်တွေ့ဆုံပြီး ကျိုက်ခေါက်ဘုရားတိုင်ရတုကို ရေးဖွဲ့ခဲ့သောကာလမှာ နန္ဒဘုရင်လက်ထက် သံလျင် ဖြစ်ပါသည်။

ဖိလစ်ဒီဘရစ်တိုက အင်းဝလက်အောက်ခံ တောင်ငူကို တိုက်ခိုက်ပြီး နတ်သျှင်နောင်နှင့် အိမ်သားတကျိပ် (၁၀ ဦး) ကို သန်လျင်မြေသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ယခုစာအုပ်တွင် သန်လျင်မြေရောက် နတ်သျှင်နောင်၊ သူ၏ကိုယ်လုပ်တော်နှစ်ပါး၊ သားတော် မင်းရဲနရာ၊ ကိုယ်ရံတော်များ၊ ဖိလစ်ဒီဘရစ်တိုနှင့် ပေါ်တူကီများ (ယခုစာအုပ်တွင် ပူတကေ)၊ မုတ္တမသားများ နတ်သျှင်နောင်ကို ကယ်ထုတ်ရန် ကြိုးစားကြသော ရခိုင်ဘုရင်မင်းခမောင်း၏အထောက်တော်များကို ထည့်သွင်းရေးဖွဲ့ထားခဲ့ပါသည်။

သန်လျင် = သရယ္ယိနု
ဂရက်နိုက် (သို့) လက်ပစ်ဗုံး = ဂရိနတ်
ထိုင်း = ယိုးဒယား ဟု ရှေးအသုံးအတိုင်း ရေးသားထားပါသည်။
နတ်သျှင်နောင်၏ ညီတော်များ

mgyoe.com

mgyoe.com SAMPLE BOOK

၁။ မင်းရဲကျော်စွာ (ဟံသာဝတီ အိမ်ရှေ့စံ မင်းရဲကျော်စွာနှင့် နာမည်တူ)

၂။ မင်းရဲကျော်ထင်

၃။ မင်းရဲသီဟသူ( နတ်သျှင်နောင်၏ဖခင် တောင်ငူဘုရင်နှင့်နာမည်တူ)

ရှေးက ဘွဲ့မည်ရည်များကို ပေးသည့်အခါ ဘွဲ့နာမည်များ တူနေခြင်း ဖြစ်ပါသည်။

ယခုစာအုပ်ကို ရေးဖြစ်ခဲ့ခြင်းမှာ ပြင်သစ်ယဉ်ကျေးမှုစင်တာတွင် ပြဇာတ် ဒါရိုက်တာ ရာဖေးကော်ရယ်လီ ဒီဘာရစ်တိုနှင့် အမှတ်မထင် တွေ့ဆုံခဲ့ပြီး သူရေးမည့် ပြဇာတ်အတွက် မြန်မာဖက်မှ ဖိလစ်ဒီဘာရစ်တိုအပေါ် အမြင်သိလိုသဖြင့် အကူအညီ တောင်းခဲ့ရာ မြောက်ဦးခေတ်မှ ပေါ်တူကီနှင့် ရခိုင်အဆက်အစပ်များ ကို သမိုင်းသုတေသနစာအုပ်များ၊ စာတမ်းများမှ ရှာဖွေခဲ့ရပါသည်။ သိသမျှ ပြောပြပေးခဲ့ရင်း ထိုကာလသမိုင်းကြောင်းကို စိတ်ဝင်စားလာခဲ့မိရာမှ စတင်ခဲ့ ပါသည်။

ထိုကာလမတိုင်မီကပင် ကိုစောညိမ်း ရေးဖွဲ့ပြီး အဆိုတော် မောင်မောင်ညွန့် သီဆိုသော "နွှေနှောင်းရွက်ကျန်"၊ "သပြေရွက်ရေ"၊ "နွှေဦး" အစရှိသည့် သီချင်း များကို ထပ်ပြန်တလဲလဲ နားထောင်ရင်း အေဒီ ၁၆ ရာစုက နတ်သျှင်နောင်၏ ပုံရိပ်များကို မြင်ယောင်မိတတ်ခဲ့ပါသည်။

ယခင်က ရတုများကို နားမလည်ခဲ့ရာမှ တဖြည်းဖြည်းချင်း ဖတ်ပြီး နားလည်ခံစားတတ်အောင် ကြိုးစားခဲ့ရပါသည်။ တစ်ပိုင်းတစ်စစီ ရေးလိုက် ဆက် မရေးတတ်သဖြင့် ရပ်ထားလိုက်နှင့်ပင် လေးနှစ်နီးပါး ကြာခဲ့ရပါသည်။

သန်လျင်မြေနှင့် နတ်သျှင်နောင် အုတ်ဂူရှိရာ ကျိုက်ခေါက်ဘုရားသို့ အလီလီ သွားခဲ့ရပါသည်။ မည်သည့်နေရာမှ စတင်ရမည်မသိ ဖြစ်နေစဉ် ကျိုက် ခေါက်ဘုရားသမိုင်းတွင် ကျိုက်ခေါက်ဘုရားတိုင်ရတုကို သန်လျင်မြို့စား၏ ခယ်မ တော် မြင့်ဖုန်းရှိအတွက် ရေးပေးခဲ့ကြောင်း ဖတ်ရရာမှ ထက်မြက်ပြီး မဟုတ်မခံ သတ္တိရှိသော်လည်း မိဖုရားတစ်ပါး မဖြစ်ခဲ့ရသော ကိုယ်လုပ်တော်ကြီးတစ်ပါး အဖြစ် ရေးဖွဲ့ခဲ့ပါသည်။ သူ နတ်သျှင်နောင်တို့၏သားတော် မင်းရဲနရာကို စစ်ကို မလိုလားသော မင်းသားငယ်တစ်ပါးအဖြစ် ရေးဖွဲ့ခဲ့ပါသည်။

လုံးချင်းရေးလေ့ မရှိသဖြင့် ကျွန်မ သမိုင်းနောက်ခံ ဝတ္ထုတစ်ပုဒ် ရေး နေသည်ကို မယုံကြပါ။

ရေးပြီးပြီးချင်း ဆရာမင်းလူကို ပေးဖတ်ရာ "ခင်ဗျားဝတ္ထု ကောင်းတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

လက်က မချဘဲ တစ်ညလုံး ဖတ်လိုက်ဖြစ်တယ်။ တစ်ခုပဲ ဂရိနတ် ဆိုတာကို လူတွေ နားလည်ပါ့မလားပဲ" ပြောခဲ့ပါသည်။ ထို့နောက် သံလွင်ငြိမ်းချမ်းစာပေ ကိုမြင့်နိုင်ကို မိတ်ဆွေတစ်ယောက်မှ ဝေဖန်ပေးနိုင်ရန် ပေးဖတ်ခဲ့ရာ သူက ည တွင်းချင်းဖတ်ပြီး သူထုတ်မယ် ဆိုခဲ့ပါသည်။

ပထမအကြိမ် ထုတ်ဝေပေးခဲ့ခြင်းအတွက် ကိုမြင့်နိုင်ကို ကျေးဇူးတင်မိပါသည်။

မိတ်ဆွေကြီး ရာဖေးကော်ရယ်လီကတော့ ပြဇာတ်ကရန် ရန်ပုံငွေ မရသဖြင့် မက,ဖြစ်ကြောင်း သိရပါသည်။

ယခုအခါ သူနှင့်လည်း အဆက်အစပ် မရှိတော့ပါ။ သူ၏နာမည်တွင် ဒီဘာရစ်တိုပါကြောင်းပင် အတော်လေး နောက်ကျမှ သိခဲ့ရရာ ဖိလစ်ဒီဘာရစ်တို၏ အဆက်အနွယ် ဟုတ်,မဟုတ် မသိပါ။ မည်သို့ဖြစ်စေ ပြင်သစ်ယဉ်ကျေးမှု စင်တာတွင် တစ်ခဏတာ တွေ့ဆုံခဲ့သော မိတ်ဆွေတစ်ယောက်ကြောင့် သမိုင်းနောက်ခံ ရေးဖို့ စိတ်မဝင်စားခဲ့သော စာရေးသူမှာ ရေးဖို့ခက်သော အေဒီ ၁၆ ရာစု သမိုင်းထဲက သံလျင်မြေရောက် လူတွေ၊ ဘဝတွေ စစ်ပွဲတွေအကြောင်း ရေးဖြစ်ခဲ့သည့်အတွက် ဒါရိုက်တာ ရာဖေးကော်ရယ်လီ ဒီဘာရစ်တိုကိုလည်း ကျေးဇူးစကား ဆိုချင်ပါသည်။

ထို့အတူ ပထမအကြိမ် စာအုပ်ကို ဖတ်ရှုပြီး နားလည်ခံစားပေးကြသော စာဖတ်ပရိသတ်များ စာရေးဆရာများကိုလည်း ကျေးဇူးတင်မိပါသည်။

ယခု ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် ကိုပြည့်အာကာ(စာရိပ်မြိုင်စာပေ)ကို ကျေးဇူးတင်မိပါသည်။

*လေးစားစွာဖြင့်. . .*
ခင်မြဇင်

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဆည်းဆာချိန် တိမ်နီများအပေါ် ဆရာမင်းလူ၏ အမြင်

ဆရာမ ခင်မြဇင်ဟာ စာအရေး နည်းပါတယ်။ အထူးသဖြင့် လုံးချင်းဝတ္ထု စာအုပ်တွေ သိပ်မရေးဖြစ်ခဲ့ပါဘူး။ သူ့ရဲ့ဝတ္ထုတိုတွေနဲ့ ကဗျာတွေကတော့ နာမည်ကြီးပါတယ်။ သူနာမည်ကြီးပုံကလည်း နည်းနည်းတော့ ထူးဆန်းပါတယ်။ စာဖတ်ပရိသတ်တွေကြားမှာ ပေါ်ပြူလာဖြစ်တာထက် စာပေလောကသားတွေကြားမှာ ပိုပြီး နာမည်ကြီးခဲ့ပါတယ်။

စာရေးဆရာအချင်းချင်းက လေးစားရသလို အယ်ဒီတာတွေကလည်း အထင်ကြီးခဲ့ရသူပါ။

သူဟာ နောက်ပိုင်းမှာပိုပြီး စာအရေး ကျဲသွားပါတယ်။ ပန်းချီဆရာမ တစ်ဦးလည်း ဖြစ်တဲ့အတွက် ပန်းချီကားတွေ ဆွဲတဲ့ဘက်ကို အာရုံရောက်သွားပြန်ပါတယ်။ ပန်းချီသတင်း၊ ပန်းချီဆောင်းပါးလေးတွေသာ ရံဖန်ရံခါရေးဖြစ်နေပါတယ်။ နောက်တော့ မဂ္ဂဇင်းတွေမှာ သရော်စာလေးတွေ ရေးလာတာ တွေ့ရပြန်ပါတယ်။ ပုဂ္ဂိုလ်ရေး ထိပါးမှု မပါဘဲ လောကကြီးရဲ့ အမြီးအမောက်မတည့်ပုံကို ယေဘုယျဆန်ဆန် ရေးထားတာတွေဖြစ်တဲ့အတွက် အဆင့်အတန်းရှိတဲ့ သရော်စာများအဖြစ် လက်ခံခဲ့ကြပါတယ်။

သူဟာ လုံးချင်းဝတ္ထုတွေကိုတော့ နှစ်ပေါင်းအတန်ကြာအောင် မရေးဖြစ်ဘဲ ရှိနေခဲ့ပါတယ်။ ရေးမဲ့ရေးလာတော့လည်း သူရေးနေကျမျိုးမဟုတ်ဘဲ ဘယ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

မှ ထင်မထားတဲ့ အကြောင်းအရာ ဖြစ်နေပါတယ်။ သမိုင်းနောက်ခံဝတ္ထုပါ။ နတ်သျှင်နောင်အကြောင်း ဖြစ်ပါတယ်။

နတ်သျှင်နောင်လို့ ဆိုလိုက်တာနဲ့ ကဗျာဆရာ ရတုဘုရင်ကို သတိရမယ်။ ရာဇဓာတုကလျာနဲ့ မောင်လေး မမ အချစ်ဇာတ်လမ်းကို ပြေးမြင်မိကြပါလိမ့်မယ်။

ဆရာမ ခင်မြဇင်ရဲ့စာအုပ်ကတော့ အချစ်ဝတ္ထု မဟုတ်ပါဘူး။ ကဗျာတွေလည်း သိပ်များများစားစား မပါပါဘူး။ ရာဇဓာတုကလျာရဲ့အကြောင်းကလည်း တစ်ချက်တစ်ချက် နောက်ကြောင်းပြန်မှုသာ ခပ်ပါးပါးလေးပဲ ဖော်ပြထားတာပါ။

ပဒေသရာဇ်ခေတ်ရဲ့ နိုင်ငံရေး၊ နန်းတွင်းရေး အရှုပ်အထွေးကြားက နတ်သျှင်နောင်ရဲ့ ဘဝနဲ့ သူ့ရဲ့အဖွဲ့တွေအကြောင်းကို ဇာတ်ကွက်အ ဖော်ပြထား သရုပ်ဖော်ထားပါတယ်။ ဝတ္ထုအစမှာကိုက နတ်သျှင်နောင်က ပေါ်တူဂီလူမျိုး ဇေင်ကာရဲ့ ဧည့်သည်တော် (အမှန်က အကျယ်ချုပ်အကျဉ်းသား)အဖြစ် သန်လျင်ကို ရောက်နေခဲ့ရတာနဲ့ ဖွင့်ပါတယ်။

သူဟာ လူအများ ထင်နေကြသလို ကျေးစေရတုတွေနဲ့သာ ပျော်မွေ့နေတတ်တဲ့သူမျိုးသက်သက် မဟုတ်ပါဘူး။ တစ်ဖက်မှာ အနုဆုံး၊ အရွှဆုံး ကဗျာတွေ ရေးဖွဲ့တတ်သလို တစ်ဖက်မှာလည်း စစ်သွေးစစ်မာန်ကြွတဲ့ တိုက်ပွဲကို ခုံမင်တဲ့သူ တစ်ဦးလည်း ဖြစ်နေပြန်ပါတယ်။ ရည်မှန်းချက်လည်း ကြီးပါတယ်။ ဒါပေမဲ့ သူ့ရဲ့ တောင်ငူဒေသဟာ အင်းဝဘုရင် အနောက်ဘက်လွန်မင်းရဲ့ လက်အောက်ခံအဖြစ် ကျရောက်နေခဲ့ရပါတယ်။

သူ့လို ထီးဆောင်းဘုရင်တစ်ပါးဟာ တန်းတူရည်တူ ဆက်ဆံခြင်း မခံရဘဲ သာမန်မြို့စား နယ်စားလေးလောက်သာ သဘောထားခံရတာကို အတော်ခံပြင်းတယ်။ ရာဇမာန်ကိုလည်း ထိခိုက်စေတယ်။ အဲဒီကာလမှာ ဒတ်ချ်၊ ပေါ်တူဂီစတဲ့ ဥရောပက နယ်ချဲ့တွေဟာ အာရှတစ်လွှားမှာ ခြေကုပ်ယူဖို့ ကြိုးစားနေကြပြီ။ ဒီအချိန်မှာ နတ်သျှင်နောင်ဟာ ပေါ်တူဂီ ဇေင်ကာနဲ့ ပေါင်းပြီး အင်းဝကို အာခံတွန်းလှန်ဖို့ ကြိုးစားတော့တာပါပဲ။

ဒါပေမဲ့ သူ့ရဲ့အကြံအစည်ဟာ မအောင်မြင်ခဲ့ပါဘူး။ အင်းဝဘုရင် အနောက်ဘက်လွန်မင်းဟာ အင်အားကြီးမားနေပါပြီ။ နတ်သျှင်နောင်ရဲ့ မဟာမိတ် ဇေင်ကာဟာလည်း မိတ်ဆွေရင်းချာလို ဆက်ဆံပေမဲ့ တကယ်တော့ သူ့ကိုယ်ကျိုးကိုသာ ကြည့်တတ်သူဖြစ်ပါတယ်။ ဒီမှာတင်ပဲ နတ်သျှင်နောင်ရဲ့ ကျဆုံးခန်း စတင်လာတော့တာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအကြောင်းအရာတွေကို ဆရာမ ခင်မြဇင်က နိုင်နင်းစွာ သရုပ်ဖော်နိုင်ပါတယ်။ အထူးသဖြင့် နတ်သျှင်နောင်ရဲ့ စရိုက်ကို ပီပြင်စွာ ရေးဖွဲ့နိုင်တာကို တွေ့ရပါတယ်။

သမိုင်းနောက်ခံ ဝတ္ထုတွေ ရေးကြတဲ့အခါမှာ ပုံစံအမျိုးမျိုး ရှိပါတယ်။ တချို့က သမိုင်းအချက်အလက် မှတ်တမ်းတွေကို အားကိုးပြီး ဝတ္ထုပုံသဏ္ဌာန် ပြောင်းလဲရေးဖွဲ့ကြပါတယ်။ တချို့ကတော့ သမိုင်းရဲ့ကျောရိုးကိုသာ ယူပြီး မိမိရဲ့ စိတ်ကူးစိတ်သန်းတွေ ဖြည့်စွက်၊ စိတ်ကူးယဉ်ဇာတ်ကောင်တွေ၊ ထိုးဇာတ်တွေနဲ့ သိုင်းဝိုင်း ရေးဖွဲ့တတ်ပါတယ်။ ဒါမျိုးက လက်လွန်သွားတဲ့အခါမျိုးမှာ သမိုင်းဖြစ်ရပ်မှန်ရဲ့ ဘောင်ကို ကျော်လွန်သွားပြီး အငြင်းပွားဖွယ်ဖြစ်ရတတ်ပါတယ်။ စာရေးဆရာဘက်ကလည်း အနုပညာသမားရဲ့ လုပ်ပိုင်ခွင့်ဆိုတဲ့ လိုင်စင်နဲ့ ကာကွယ်တတ်ပါတယ်။ ဒါဟာ သမိုင်းသုတေသန လုပ်နေတာ မဟုတ်ဘူး။ ဝတ္ထုကို ဝတ္ထုလိုပဲ ဖတ်ပါဆိုပြီး ခုခံချေပတတ်ပါတယ်။

ဆရာမ ခင်မြဇင်ကတော့ "သမိုင်းကို ကျောရိုးသာယူပြီး စိတ်ကူးအားပြု ရေးဖွဲ့ထားပါတယ်" လို့ ဆိုပေမဲ့ သမိုင်းဖြစ်ရပ်မှန်ဘောင်ထဲက မလွတ်အောင် မကျော်အောင် ရေးနိုင်တာ တွေ့ရပါတယ်။

နတ်သျှင်နောင်အကြောင်းလို့ ဆိုလိုက်ရင် အငြင်းပွားစရာ အချက်တစ်ချက်က ပေါ်လာစမြဲ ဖြစ်ပါတယ်။ နတ်သျှင်နောင်ဟာ နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာဖောက်၊ မဖောက် ဆိုတဲ့ကိစ္စပါပဲ။ တချို့က သူ့ကို အမျိုးသားရေး သစ္စာဖောက်လို့ စွပ်စွဲကြတယ်။ တချို့က ပဒေသရာဇ်ခေတ်ရဲ့ နန်းလုပွဲတွေမှာ ဒါမျိုးဟာ ဖြစ်ရိုးဖြစ်စဉ်ပဲ။ အဲဒီကာလက စစ်ပွဲမှာ ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ် ဆိုတဲ့အချက်ကသာ သမိုင်းကို အဆုံးအဖြတ်ပေးတာပါဆိုပြီး သူ့ဘက်က ရှေ့နေလိုက်ကြပါတယ်။ တချို့ကတော့ သစ္စာဖောက်၊ မဖောက်ဆိုတဲ့ ကိစ္စကို လုံးဝစိတ်မဝင်စားဘဲ သူ့ကဗျာတွေကိုသာ နှစ်သက်မြတ်နိုး တန်ဖိုးထားခဲ့ကြပါတယ်။

ဆရာမ ခင်မြဇင်ကတော့ ဒီစာအုပ်ထဲမှာ ဘယ်ဘက်ကိုမှ မလိုက်ဘဲ မျှမျှတတ ဖြစ်အောင် ကြိုးစားရေးသားထားတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ကို ဖတ်ပြီးတဲ့အခါ တစ်ခုတော့ အသေအချာ သိလိုက်ရပါတယ်။ နတ်သျှင်နောင်ဟာ သူ့ကိုယ်သူတော့ သစ္စာမဖောက်ခဲ့ဘူးဆိုတဲ့ အချက်ပါပဲ။

မင်းလူ

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## ဆည်းဆာချိန် တိမ်နီများအပေါ် ဆရာမဂျူး၏ အမြင်

၂၀၁၈ ခုနှစ် စက်တင်ဘာလတုန်းက အစ်မ ခင်မြဇင်နဲ့အတူ မုံရွာကို ရောက်ခဲ့တယ်။ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်မြင့်က စာရေးဆရာမတွေရောက်တုန်း သူဆောက်ခန်းသွားဖွင့်ခဲ့တဲ့ ထနောင်းဝင်းရွာကို အလည်ခေါ် ပါတယ်။ ရိုးရိုးအလည်မဟုတ်ဘူး ရေးသူဖတ်သူ ဆွေးနွေးပွဲလေး လုပ်ပေးပါတဲ့။ ရွာကို ကျွန်မနဲ့ အစ်မ ခင်မြဇင် သွားတော့ သူငယ်ချင်း သင်းသင်းလည်း လိုက်လာပေးပါတယ်။

ကိုအောင်ကျော်မြင့်ရဲ့ ဦးဆောင်မှုကြောင့် ထင်တယ်။ ရွာစာကြည့်တိုက်က တော်တော်ကောင်းတယ်။ စာဖတ်သူလည်း များတယ်။ အဲဒီည ဆွေးနွေးပွဲမှာ ကျွန်မကို အမျိုးသမီးလေးတစ်ယောက်က မေးတယ် "ဆရာမ ခင်မြဇင်ရဲ့ဝတ္ထုတွေထဲမှာ ကျွန်မ ဘယ်ဝတ္ထုကို အကြိုက်ဆုံးလဲ" တဲ့။ ကျွန်မ ခဏကြောင်သွားတယ်။ ဆရာမ ခင်မြဇင်ကို သူ ပိုသိချင်လို့ မေးတာများလား၊ ကျွန်မ သိပ်စဉ်းစားမနေဘဲ "ဆည်းဆာချိန်တိမ်နီများ" ကို အကြိုက်ဆုံးပါလို့ ဖြေလိုက်ပါတယ်။ ဘာကြောင့် ကြိုက်တာလဲလို့ သူဆက်မမေးလို့ ကျွန်မလည်း ထပ်မပြောဖြစ်ခဲ့ပါဘူး။ တခြားမေးခွန်းတွေနဲ့ တခြားအဖြေတွေဆီ ရောက်သွားပါတယ်။

ကျွန်မ နတ်သျှင်နောင်ရဲ့ ပရိသတ်ပါ။ ၆ တန်း၊ ၇ တန်းအရွယ်ကတည်းက တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေက တစ်ဆင့် နတ်သျှင်နောင်ကို သိလာရပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ပြည်လှဖေရဲ့ နတ်သျှင်နောင် သီချင်းကိုလည်း နှစ်သက်ခဲ့တာပါ။

တမုတ်ပြေဝါ အစချီတဲ့ ရတုပိုဒ်တစ်ပုဒ်ကို ငယ်ငယ်ကတည်းက စွဲလမ်းခဲ့တယ်။ *ရေပန်းမြစ်ဆိပ် ပွင့်မျှောရိပ်က နတ်အိပ်ခဲ့သေး ယင်းမာမွှေး၍ ငှက်ကျေးနှုန်းပုံ ပျော်ချင်တုံလည်း ပေါင်းရုံမျှရက် လင့်မည်ခက်ခဲ* ဆိုတဲ့ စာသားတွေကို ငယ်တုန်းကတော့ မှတ်စုထဲ ကူးရေးခဲ့တာပေါ့။ နောက်တော့ အလွတ်ရတဲ့အထိ ထပ်ခါထပ်ခါ ဖတ်နေတော့ အခုထိ မမေ့သေးဘူး။

အဲဒီကဗျာထဲက "နတ်အိပ်ခဲ့သေး" မှာ "နတ်" ဆိုတာ သူ့ကိုယ်သူ ရည်ညွှန်းတာလားလို့ တွေးခဲ့ဖူးတယ်။ နောက်မှ မြကေတုရဲ့စာအုပ် ဖတ်မိတော့မှ နတ် ဆိုတာ ဗိဿနိုးနတ်မင်းကြီးကို ဆိုလိုတာ လို့ သိခဲ့ရတယ်။ *ရေပန်းပွင့်မျှောတောင်တောညိုချိပ် နတ်လည်းအိပ်ခဲ့ပြီတကား* ဆိုတာ နတ်မင်းကြီးအိပ်တဲ့ကာလ ဆိုပါလား။ ဝါတွင်းကာလပေါ့။ မင်္ဂလာမပြုရတဲ့ကာလမို့ ချစ်သူတွေ မပေါင်းဖက်ရသေးတဲ့ အချိန်ပေါ့။ ဪ် ဒါဖြင့် သူ့ရတုတွေထဲက နတ် စကားလုံးက တကယ့်နတ်ပေါ့နော်။

ဟုတ်သားပဲ တမုတ်ပြေဝါ အပိုဒ်နဲ့အတူ သမုဒ်ဇရာ ကမုဒ်ရွှေကြာ အပိုဒ်တွေကိုပါ အစအဆုံး ဖတ်မိတော့ *မုလေးစံပယ် နုံကြွယ်ကြိုင်ဖြည်း မိန့်မည်နည်းခဲ့ နတ်လည်းနိုးခဲ ခဝဲပင့်သော်* လို့ ရေးထားတာ တွေ့တယ်။

ခဝဲပွင့်တဲ့ လအကြောင်းတော့ ကိုသန်းလှိုင်ရဲ့ "ဖူးပွင့်ဝေဆီ ဆယ့်နှစ်ရာသီ" သီချင်း နားထောင်တတ်ကတည်းက ကောင်းကောင်း သိခဲ့ပါတယ်။ "ခဝဲဝတ်မှုန် အစီအရီပွင့်ရှာတဲ့ လတန်ဆောင်မှာ" တဲ့ သီတင်းကျွတ်ပြီးတဲ့လ ခဝဲပွင့်ချိန်ကို မျှော်လင့်တဲ့ နတ်သျှင်နောင်ရဲ့ စကားလုံးကို ကျွန်မ သိသွားတယ်။

သူ့ကဗျာတွေလှလို့ ဒ့ါအပြင် ရဝေရှင်ထွေးဖွဲ့နွဲ့ထားတဲ့ သူ့ရုပ်သွင် သူ့လှုပ်ရှားဟန်က ချောမောခမ်းနားလို့ နတ်သျှင်နောင်ကို ကျွန်မ ရင်းနှီးနေခဲ့ပါတယ်။ ဒါပေမဲ့ နတ်သျှင်နောင်ရဲ့ဘဝနိဂုံးက ကြောက်စရာကောင်းလောက်အောင် ဆိုးခဲ့တာမို့ သူ့အကြောင်းတွေးရင် ဘဝနေဝင်ချိန်ထိ မတွေးဘဲ အလယ်ပိုင်းမှာပဲ သူ့အချိန်ကာလကို ကျွန်မ ရပ်ထားခဲ့ပါတယ်။

ခုတော့ အစ်မ ခင်မြဇင်က "ဆည်းဆာချိန်တိမ်နီများ" တဲ့။ အစ်မ သတ္တိကောင်းလိုက်တာလို့ ချီးကျူးမိတယ် လက်ထဲ စာအုပ်ရရချင်း ဘယ်ဖတ်နိုင်ခဲ့မလဲ။ ကျွန်မ စိတ်ခွန်အားလိုတယ်လေ။ နောက်တော့လည်း ဖတ်ချင်စိတ်နဲ့ ဖတ်မိတာပဲ နတ်သျှင်နောင်ရဲ့ ဘဝနေဝင်ခါနီး အရေးနိမ့်စဉ်ကာလ သန်လျင်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ပါသွားတဲ့အချိန် နောက်ခံထားပါတယ်။

စာရေးဆရာမက သရုပ်ဖော် သိပ်ပိုင်တာပဲ။ ဇာတ်ကောင်တွေရဲ့စိတ် သူတို့ရဲ့အပြုအမူတွေ၊ သူတို့ပတ်ဝန်းကျင်မြင်ကွင်း၊ ကိုယ်တိုင် အဲဒီနေရာကို အဲဒီခေတ်ဆီကို ရောက်သွားတော့တယ်။ ဇာတ်ကောင်တစ်ဦးတည်းရဲ့ ရှုထောင့်မဟုတ်ဘဲ တစ်ယောက်ချင်းစီကို ပူးဝင်ပြီး ရေးဖွဲ့ထားတော့ အမြင်၊ အတွေး၊ ခံစားချက်နဲ့ အခက်အခဲတွေကို ကျွန်မ အကုန်မြင်တွေ့နေရပါတယ်။

ဇာတ်ညွှန်းကောင်းတဲ့ နန်းတွင်းဇာတ်ကားတစ်ကားကို ကြည့်နေရသလိုပဲ။ စစ်ပွဲတွေကို ကျွန်မ မြင်တွေ့လာတယ်၊ သူတို့နဲ့အတူ လိုက်ပြီး မောပန်း စိုးထိတ်ခါးသီးနေရတယ်။ အကျဉ်းသားတွေကို ဖမ်းဆီးချုပ်နှောင်ပြီး စစ်မေးတဲ့ တိုက်ဝါကြီးလို့ခေါ်တဲ့ အကျဉ်းထောင်ထဲက ဘဝတွေကလည်း ထိတ်လန့် နာကျင်စရာပါ။

ဒီဝတ္ထုထဲမှာ ကျွန်မကို ပူးဝင်နိုင်တဲ့ဇာတ်ကောင်က နတ်သျှင်နောင်မဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်နေတော့တယ်။ နတ်သျှင်နဲ့အတူ သန်လျင်ကိုပါလာတဲ့ ကိုယ်လုပ်တော်(ဇနီးအကြီး ဖြစ်လာတဲ့) မြင့်ဖုန်းရှိက မွေးဖွားတဲ့သားမင်းရဲနရာ။

သူ့ကို ကျွန်မ ချစ်သွားတယ်။ အသက်ဆယ့်သုံးနှစ်သား ကလေး၊ စစ်ကိုမုန်းတဲ့ ကလေး၊ မေတ္တာ ကရုဏာထားတတ်တဲ့ ကလေး။ ဒီကလေးက နတ်သျှင်နဲ့ မဟာမိတ်ပြုလိုက်တဲ့ ပေါ်တူဂီစစ်တပ်မှာ တပ်မှူးငယ်လေးအဖြစ် တာဝန်ထမ်းဆောင်ရတယ်။ သူ့ကိုယ်သူ သူ့ဖဘုရားလောက် ရဲစွမ်းသတ္တိ မရှိဘူး လို့ အားမလိုအားမရ ဖြစ်နေပေမယ့် သူ သတ္တိကောင်းပါတယ်၊ ဉာဏ်လည်းကောင်းတယ်၊ တွေးခေါ်တတ်တယ်။

သူကြုံတွေ့ရတဲ့စစ်ပွဲကို သူ့မျက်လုံးထဲက ကျွန်မ မြင်ရပြီး သူ့အတွေးနဲ့ ကျွန်မ စိုးထိတ် ကြောက်ရွံ့ပါတယ်။ အင်းဝစစ်တပ် သန်လျင်ထိ ချီတက်လာတာဆိုတော့ ရေကြောင်းတိုက်ပွဲတွေပေ့ါ။ စစ်ထွက်လှေတွေ၊ စစ်သင်္ဘောတွေ၊ အမြောက်ကျည်ဆံတွေ၊ ပေါက်ကွဲသံတွေ၊ မီးလောင်တိုက်သွင်းမယ့် လှေတွေပေ့ါ။ ရုတ်ရုတ်သဲသဲ ငရဲမြင်ကွင်းတွေကို ရေးနိုင်ဖို့ အစ်မ ဘယ်လောက်ကြာအောင် စိတ်ကို ထိန်းချုပ်ပြီး အာရုံဝင်စားခဲ့တာလဲ မသိ။

ကိုးကားဖို့ ဖတ်ခဲ့ရတဲ့ စာအုပ်စာရင်း ကြည့်တော့မှ သဘောပေါက်သွားတယ်။ မြန်မာ၊ အင်္ဂလိပ် စာအုပ်ပေါင်း ၂၆ အုပ်တဲ့။ တကယ့်အဖြစ်အပျက်ကို ရေးဖွဲ့ထားတဲ့ဝတ္ထုဖြစ်ပေမယ့် စိတ်ကူးဝတ္ထုတွေလိုပဲ တော်တော်ဇာတ်နာရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်းဝမင်းက တောင်ငူကို နိုင်ခဲ့တာမို့ နတ်သျှင်ရဲ့ ညီနှစ်ယောက် (မင်းရဲကျော်ထင်နဲ့ မင်းရဲသီဟသူ)ကို ပိုင်ဆိုင်သွားခဲ့လေတော့ အခု နတ်သျှင်ရှိရာ သန်လျင်ဆီ စစ်ထွက်တဲ့အခါ ညီတော်နှစ်ပါးကို ရေတပ်ဗိုလ်ချုပ်တွေအဖြစ် တာဝန်ပေးအပ်လိုက်တယ်။

သူတို့ညီအစ်ကိုက အစ်ကိုတော်ကို ပေါ်တူဂီလက်ထဲကနေ ဘယ်လိုကယ်တင်ရမလဲ၊ အင်းဝဘုရင် အမျက်တော်နည်းအောင် ဘယ်လိုကြံဆောင်ရမလဲလို့ မျှော်လင့်တကြီး လာခဲ့တာ သန်လျင်စစ်ပွဲမှာ နတ်သျှင်ကိုယ်တိုင် ထွက်တိုက်နေတာ မြင်တော့ ပူပင်သောကနဲ့ တုန်လှုပ်မှုကို ခံစားကြရတော့တယ်။ ဇာတ်သိမ်းသိပြီးသား ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေမယ့် ဝမ်းနည်းစိတ်၊ ထိတ်လန့်တုန်လှုပ်စိတ်တွေနဲ့ ခံစားချက်အသစ်တွေ ဖြစ်ရပါတယ်။ "ဆည်းဆာချိန်တိမ်နီများ" ကို ရေးရတာ အစ်မ ခင်မြဇင် စိတ်ချမ်းသာရဲ့လား လို့ မမေးကောင်းလို့ မမေးတော့ပါဘူး။

ဒီဝတ္ထုကို ကျွန်မဘာကြောင့် ကြိုက်သလဲ လို့ တွေးကြည့်ချင်ပါတယ်။ ချစ်မြတ်နိုးတတ် လွမ်းတတ်တဲ့ကဗျာဆရာ၊ ရဲရင့်ဖို့ လိုအပ်တဲ့အခါ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့တဲ့ အိမ်ရှေ့စံ၊ ကံကြမ္မာ ဖန်လာတော့လည်း မိတ်ဆွေအဖြစ်လက်ခံလိုက်တဲ့ ဖီးလစ်ဒီဘရစ်တိုအပေါ် သစ္စာမဖောက်ဘဲ အတူရပ်တည်လိုက်တဲ့ နတ်သျှင်အကြောင်းက ကျွန်မကို ကာလယန္တရားစက်ထဲ ထည့်လွှတ်လိုက်သလို သိနားလည်သွားတဲ့အထိ ဆွဲဆောင်ခဲ့တဲ့ ဝတ္ထုဖြစ်နေလို့ပါ။

"ဆည်းဆာချိန်တိမ်နီများ" ကို ရေးရုံနဲ့ အားမရသေးတဲ့ အစ်မ ခင်မြဇင်က "သံသရာကြမ္မာစေရာလှမ်း" ဆိုတဲ့ ဝတ္ထုကို ထပ်ရေးပြန်တယ်။ နောက်ဝတ္ထုကိုလည်း ကျွန်မ အပြီးထိ မဖတ်ရဲဘဲ ဝေ့လည်လည် လုပ်နေခဲ့တာ အကြာကြီးပါ။

ကြေကွဲရ၊ တုန်လှုပ်ကြောက်ရွံ့ရတဲ့ စာဆို မမြကလေးရဲ့ သနားဖွယ်ဇာတ်သိမ်းကို သိနေပြီးသားမို့ပါ။

အစ်မ ခင်မြဇင်ကို တစ်ခုလောက်တော့ မေးချင်ပါရဲ့၊ နာကျင်ထိခိုက်စရာ ဇာတ်လမ်းတွေကိုမှ အစ်မက သဘောကျတတ်တာလား ဟင်။

ဂျူး

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူ၏ အမှတ်တရစကား

နတ်သျှင်နောင် ဆိုတဲ့စကားလုံးကို ဘာကြောင့်ရယ်လို့ မသိ ကြားလိုက်တာနဲ့ နှလုံးသည်းပွတ်ကို တစ်စုံတစ်ရာက ကိုင်လှုပ်သွားသလို ခံစားရတယ်။

နတ်သျှင်နောင်အကြောင်းနဲ့ ပတ်သက်တဲ့ စာအုပ်လေးကို ထုတ်ချင်နေခဲ့တဲ့ ကျွန်တော်၊ ဆရာမ ခင်မြဇင်ရဲ့ "ဆည်းဆာချိန်တိမ်နီများ" စာအုပ်လေးကို ဖတ်ရှုခဲ့ရတော့ ဖတ်ပြီးပြီးချင်းပဲ ဆရာမ ခင်မြဇင်ကို ဆက်သွယ်ပြီး ဒီစာအုပ်လေးကို သားထုတ်ချင်တယ် ဆရာမကြီးရေ လို့ ပြောလိုက်တော့တယ်။

ဆရာမကြီးကတော့ ပြောပါတယ်၊ စာအုပ်ကြီးက ကြိုက်တဲ့သူတွေ ကြိုက်ကြပေမယ့် လေးတယ်နော် သားရေ။ မရောင်းရမှာကို ဆရာမက စိတ်ပူနေတာတဲ့။ ကျွန်တော်ကလည်း မရဘူး ဇွတ်ပဲ။ မရောင်းရလည်း ထုတ်ချင်ပါတယ် ဆရာမကြီးရေ။ ဒါပေမဲ့ စိတ်ဝင်စားတဲ့သူတွေလည်း ရှိတာဆိုတော့ ရောင်းရအောင်လည်း ကြိုးစားမှာပါလို့ ပြောပြီး ဒီစာအုပ်လေးကို ပြန်လည်ထုတ်ဝေဖို့ ခွင့်ပြုချက်ကို ရအောင် တောင်းလိုက်တော့တယ်။

စာမျက်နှာများလို့ စာအုပ်တန်ဖိုးက များတဲ့အခါ စာဖတ်သူတွေ လက်တွန့်မှာကို သိပေမယ့် (ထုတ်ဝေသူတွေကိုယ်တိုင် စာမျက်နှာများရင် လက်တွန့်နေတဲ့ကာလ) ဒီလိုစာအုပ်ကောင်းတွေရဲ့ အားထုတ်ကြိုးပမ်းရမှုကို သိမြင်သွားရင် ပေးရတဲ့ ငွေကြေးဆိုတာ မပြောပလောက်ပါဘူးလေလို့ သင်ခံစားမိသွားမှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာအုပ်လေးကို ဒုတိယအကြိမ် ပြန်ထုတ်တော့ ဆရာမ ခင်မြဇင်ကိုယ်တိုင် ပြန်လည် ပြင်ဆင် တည်းဖြတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သေချာဂရုစိုက်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ်ထားပါတယ်။ အမှားအယွင်း တစ်စုံတစ်ရာပါခဲ့သည်ရှိသော် ကျွန်တော့်ရဲ့ မျက်စိလျှမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ချို့ယွင်းမှုအဖြစ် မှတ်ယူပြီး ခွင့်လွှတ်ပေးကြပါလို့ တောင်းဆိုချင်ပါတယ် ခင်ဗျ။

စာအုပ်လေး ငှားပေးတဲ့ ဆရာ မင်းဝေဟင်၊ မျက်နှာဖုံးလေးကို ကျွန်တော့် စိတ်ကူးထဲကလို ပုံရိပ်တွေပါအောင် ပန်းချီဒီဇိုင်း ရေးဆွဲပေးတဲ့ ကိုလင်းဝဏ္ဏ၊ စိတ်ရှည်ရှည်နဲ့ ပြင်ဆင်ချက်တွေကို အကြိမ်ကြိမ် ပြုလုပ်ပေးပါသော Layout Designer ကိုပိုင်နိုင်အောင်နဲ့ အစ်မ ခိုင်ဇင်ထွန်း၊ ဆရာ မင်းလူရဲ့ စာကို ထည့်သွင်း အသုံးပြုခွင့်ပေးပါသော ဆရာ မင်းလူရဲ့သမီး အစ်မ ယုယ၊ ဆရာမကြီး ခင်မြဇင်မှ တစ်ဆင့် အမှတ်တရစာလေးကို ထည့်သွင်း အသုံးပြုခွင့်ပေးပါရန် တောင်းခံသည်ကို ခွင့်ပြုပေးပါတဲ့ ဆရာမ ဂျူးတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျ။

အထူးသဖြင့် စာရိပ်မြိုင်ကို အစဉ်တစိုက် အားပေးကြတဲ့ စာချစ်သူအပေါင်းကို မမေ့မအပ် ကျေးဇူးတင်ရှိပါတယ်။

ပြည့်အာကာ
စာရိပ်မြိုင် စာပေ

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဂျစာအုပ်၏ သမိုင်းနောက်ခံ

အေဒီ ၁၆ ရာစုသည် ပင်လယ်သမုဒ္ဒရာကို ကြီးစိုးသော ဒတ်ချ်၊ ပေါ်တူကီ တို့၏စစ်ပွဲများ အာရှဒေသတခွင် ဘုရင်အချင်းချင်း မြို့ပြနိုင်ငံချင်း တိုက်ခိုက်ကြသည့် စစ်ပွဲများဖြင့် ကုန်းရော၊ ရေပါ သွေးလွှမ်းခဲ့သော ရာစုနှစ်ဖြစ်သည်။

ဓားဓားချင်း၊ လှံလှံချင်း ထိုးခုတ် သတ်ဖြတ် ပြိုင်ဆိုင်ခဲ့ကြသော စစ်ပွဲများနေရာတွင် လက်ပစ်ဗုံးများ၊ သေနတ်များ၊ အမြောက်များ အစားထိုးဝင်ရောက်လာခဲ့ပြီ။

ဟံသာဝတီ နေပြည်တော်တွင် ဘုရင်နောင်မင်းကြီး၏သားတော် နန္ဒဘုရင် နန်းစံခိုက် လက်အောက်ခံ ဘုရင့်နိုင်ငံများမှာ တောင်ငူ၊ အင်းဝ၊ ပြည်၊ ညောင်ရမ်း၊ ဇင်းမယ်။

၁။ အင်းဝဘုရင်က ဟံသာဝတီအိမ်ရှေ့စံ မင်းကြီးစွာနှင့် သူ၏သမီးတော် နတ်ရှင်မယ်တို့ ရာဇဓာတုကလျာနှင့်ပတ်သက်သည့် ရန်ပွဲကြောင့် နန္ဒဘုရင်ကိုတော်လှန်ရာ ရှုံးနိမ့်သဖြင့် အင်းဝတွင် တပင်ရွှေထီး၏သားတော်ကို ဘုရင်ခံ ခန့်ခဲ့သည်။ ယင်းသေလွန်လျှင် နန္ဒဘုရင်၏သားတော် မင်းရဲကျော်စွာကို အင်းဝဘုရင်ခံ ခန့်ခဲ့သည်။

၂။ နန္ဒဘုရင်က သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့စံပေးသဖြင့် ပြည်ဘုရင်မင်းကြီးနှောင်း(နန္ဒဘုရင်၏သားတော်တစ်ပါး)က

mgyoe.com

mgyoe.com

ဖခင်ကို တော်လှန်သည့်အနေဖြင့် တောင်ငူကို သွားရောက် တိုက်ခိုက်ခဲ့သည်။

၃။ နန္ဒဘုရင်က လက်အောက်ခံဘုရင်များကို မယုံတော့သဖြင့် အိမ်ရှေ့စံသားတော်များနှင့် သူတို့၏စီးတော်ဆင်များကို ဓားစာခံ အဖြစ် ဟံသာဝတီသို့ ပို့ရန် အမိန့်ထုတ်ခဲ့သည်။

၄။ ထိုကာလတွင် ယိုးဒယားကို ၅ ကြိမ်စစ်ချီခဲ့သဖြင့် စစ်ပန်းနေခဲ့ပြီး ကြွက်များကျခြင်းကြောင့် ဟံသာဝတီ ပြည်သူများ ငတ်မွတ်နေခဲ့သည်။ တောင်ငူဘုရင်ခံက ရခိုင်ဘုရင်မင်းရာဇာကြီးထံ စာစေကာ ဟံသာဝတီကို ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်။

၅။ တောင်ငူနှင့် ရခိုင်တို့ စစ်နိုင်ပြီး ဟံသာဝတီနိုင်ငံ ပျက်စီးကာ နန္ဒဘုရင်ကို တောင်ငူသို့ ခေါ်ဆောင်ခဲ့ရသည်။ နန္ဒဘုရင်ကို တောင်ငူလက်မှ တောင်းဆိုရန် ယိုးဒယားတပ်များက တောင်ငူကို ဝန်းရံလာခဲ့သဖြင့် ရခိုင်တပ်များက ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်ပေးခဲ့သဖြင့် ပြန်ဆုတ်သွားကြသည်။ နန္ဒဘုရင်ကို လာမတောင်းနိုင်ရန် နတ်သျှင်နောင်က သတ်စေခဲ့သည်။

၆။ ရခိုင်နှင့် တောင်ငူကြား ခရီးလမ်းအဆက်မပြတ်စေရန် သံလျှင်တွင် မင်းရာဇာကြီး၏ကျွန်ယုံ ဖိလစ်ဒီဘရစ်တို(ငဇင်ကာ)ကို မြို့စောင့်ခန့်ထားခဲ့သည်။ ဖိလစ်ဒီဘရစ်တိုက ယိုးဒယားဘုရင်လက်အောက်ခံ မုတ္တမနှင့်ပေါင်းကာ ရခိုင်နှင့် တောင်ငူကို သစ္စာမခံတော့ချေ။ မင်းရာဇာကြီး၏သားတော် မင်းခမောင်း သွားရောက် တိုက်ခိုက်ရာ ရှုံးနိမ့်အဖမ်းခံရသဖြင့် ရွှေငွေများဖြင့် ရွေးယူခဲ့ရသည်။

၇။ ဟံသာဝတီနိုင်ငံတော် ပျက်စီးစဉ် ညောင်ရမ်းက အင်အားစုစည်းကာ အင်းဝကို သိမ်းပိုက်သည်။ တောင်ငူနှင့် ပြည်က ပူးပေါင်းကာ အင်းဝကိုတိုက်ရန် စစ်ချီဆဲ ပြည်ဘုရင်မင်းကြီးနှောင်းကို ကိုယ်ရံတော် ရန်နိုင်စားက လုပ်ကြံထီးနန်းရယူသည်။ လမ်းခုလတ်ရောက်နေသည့် ပြည်တပ်တို့ အင်းဝလက်အောက်သို့ ခိုဝင်သည်။

၈။ တောင်ငူဘုရင် မင်းရဲသီဟသူ သေလွန်ပြီး သားတော် နတ်သျှင်နောင်ဘုရင်ဖြစ်ပြီး တစ်နှစ်အကြာတွင် အင်းဝမှလာတိုက်ပြီး လက်အောက်ခံဘဝသို့ ရောက်ခဲ့ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

၉။ အင်းဝလက်အောက်ခံ တောင်ငူကို သံလျှင်မှ လာတိုက်ပြီး နတ်သျှင်နောင်နှင့် မိသားစုအပါအဝင် လူ ၁၀ ယောက်ကို သံလျှင်သို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုကာလတွင် ရခိုင်တွင် မင်းရာဇာကြီး သေလွန်ပြီး သားတော် မင်းခမောင်း ထီးနန်းဆက်ခံခဲ့ရာ မင်းခမောင်းမှ မိတ်ဆွေဟောင်းဖြစ်သူ နတ်သျှင်နောင်ကို ကယ်ထုတ်ဖို့ ကြိုးစားခဲ့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

အလံချခရာမှုတ်သံသည် တောင်ကုန်းပေါ်သို့ လွမ်းဆွတ်ဖွယ် ပျံ့လွင့်လာသည်။

ခရာသံသည် နတ်သျှင်၏ နှလုံးသားထဲသို့ လေးလံဖိစီးလျက် ဖြတ်သန်းဝင်ရောက်လာပြီး နှလုံးသွေးကြောများဆီထိ စီးဆင်းသွားသည်။

မွေ့နန်းကုန်းပေါ်ရှိ စံအိမ်ကြီး၏ ပြတင်းမှကြည့်လျှင် ပဲခူးမြစ်ပြင်၏ ရေဖွေးဖွေးကို မြင်ရသည်။ ကမ်းဆိပ်မှာ ဆိုက်ကပ်ထားသော လွှန်းကြင်လှေများ၊ ပိန်းကောနှင့် ကတ္တူလှေများကို တွေ့မြင်ရသလို မြစ်သည်လည်း အရှိန်အဟုန်နှင့် တဟဲဟဲအော်မြည်ကာ ဒီရေတက်ခဲ့ပြီ။

ဒီရေအတက်မှာ ကမ်းစပ်ခရာတောတို့သည် လှုပ်ယမ်းလျက်။

ဒီအတက်တွင် ဆန်လျက် ခုတ်မောင်းလာသည့် အမြောက်တင်ရွက်သင်္ဘောကို မြင်သည်။ ဖိလစ်ဒီဘရစ်တို့၏ ရေနန်းယာဉ်သာပေတည်း။ ပေါ်တကေအလံသည် တလူလူလွင့်လျက်။ အဝေးခပ်လှမ်းလှမ်းတွင် မုတ္တမရေတပ်သားတို့၏ လှေတော်များကို မြင်ရသည်။ ထိုအနီးတွင် ကုန်စည်ချဆဲဖြစ်ဟန် ရွက်သင်္ဘောတချို့။ မြစ်သည် ဟံသာဝတီ နေပြည်တော်ကို ဖြတ်သန်းစီးဆင်းလာသော မြစ်တစ်စင်းဖြစ်သည်။

ဤလောကမြေမဟီဝယ် ဟံသာဝတီ နေပြည်တော်သည် မရှိတော့ပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

ထို့အတူ သူထာဝစဉ်မြတ်နိုးခဲ့ရသော ကေရီတစ်ပါးဖြစ်သည့် ရာဇဓာတု ကလျာသည်လည်း ကွယ်ပျောက်ခဲ့လေပြီ။

မည်သည့်အရာသည် ဘဝ၏ အစစ်အမှန်ဖြစ်၍ မည်သည့်အရာသည် အတုအယောင်မျှဖြစ်လေသနည်း။

နတ်သျှင်ကား အသွေးအသားနှင့် လူအဖြစ် လူ့ဘဝမှာ ရှိနေသေးသော်ငြား နတ်သျှင်၏နှလုံးသည်းပွတ်တို့ကား ကြေပြုန်းနှင့်ပြီးချေပြီ။

အလံချခရမှုတ်သံကား သူ့နှလုံးသည်းပွတ်ကို လေးလံဖိစီးစေသောအရာဖြစ့် ပွတ်ဆွဲလျက် ရုန်းဖယ်လို့လည်း မရ။ ရှောင်ပုန်းခြင်းငှာလည်း မစွမ်းသာနိုင်ဘဲ တလှိုက်လှိုက် လှိုက်ဖိုစေလျက်။

အချစ်နှင့် အမုန်း။

အနိုင်နှင့် အရှုံး။

သောကနှင့် ပီတိ။

ပကတိလူ့ဘဝနှင့် အယောင်ဆောင်အရေခွံ။

ဟုတ်ပါသည်။ ယခုသော်ကား နတ်သျှင်ကိုယ်တိုင်ပင် ဒါဟာ ငါမှဟုတ်ရဲ့လားဟု ထင်ယောင်ထင်မှားမှု။

သံသယဒွိဟများ၊ မောဟနှင့် မာနတို့ လွှမ်းခြုံထားသည့် ရှင်သန်မှုကမ်းပါး။

သူ၏လက်တော်ထဲမှ ပယင်းရည်လဲ့လဲ့ဖန်ကလပ်ကို ညင်သာစွာမော့သောက်လိုက်သည်။ လည်ချောင်းထဲတွင်ပူ၍ ဆင်းသွားသော ထိုအရာကလည်း သူ့နှလုံးသွေးကို မနွေးစေနိုင်။

ခရာမှုတ်သံနှင့်အတူ ညနေခင်း၏ ရွှေအိုရောင်နေခြည်တို့အကြား အလံတိုင်မှ တဖြည်းဖြည်းလျှောဆင်းသွားသော ပေါ်တကေအလံနှင့် ကေတုမတီ၏ အမှတ်အသား ဒေါင်းအလံတို့ကို ငေးကြည့်နေမိသည်။

တံပိုးခရာတို့၏အသံသည် လူတို့စိတ်ကို တုန်လှုပ်အောင် စွမ်းဆောင်နိုင်ပေစွ။

မိုးနှောင်းကာလ၏ တိမ်များက ကောင်းကင်တွင် ရဲရဲနီစွေးနေသည်။

*"နေဝင်ချိန်တိမ်တောက်ပါလို့*

*ပျိုကြောက်တဲ့ သည်အချိန်"*

ရှေးစာဆိုတို့ ရေးခဲ့ကြဖူးသည်။ ယခုတော့ နေဝင်လုဆည်းဆာတွင်

mgyoe.com

mgyoe.com

တိမ်တို့က သွေးရောင်ရဲရဲစွေးလျက်။

မြစ်ပြင်သည်လည်း သွေးရောင်ဖြန်းလျက်။

လွန်းကြင်ကတ္တူနှင့် ပိန်းကောလှေများ၊ ပေါ်တကေသင်္ဘောတို့၏ အရိပ်မည်းမည်းမှောင်မှောင်များကြားတွင် လှုပ်ရှားနေသည့် မြစ်ရေလက်လက်သည်ပင် သွေးများအလား။

နတ်သျှင်သည် သူ၏နှလုံးအိမ်အတွင်းက တုန်လှုပ်မှုများကိုထိန်းကာ ပြတင်းဆီမှခွာလျက် ဇင်ကာကူခေါ် ဖိလစ်ဒီဘရစ်တိုပြသည့် မြေပုံကိုကြည့်လိုက်သည်။

"သည်ဆီမှာ ဂိုအာဘုရင်ခံရဲ့ ရေတပ်တည်ရာပဲ။ အမြောက်မြတပ်ပူတပ်ဆင်ထားတဲ့ သင်္ဘော ၅ စီးနဲ့ စစ်သူရဲ ၂၀၀၀ သာ ရောက်လာရင် သခင်လတ်ဆိုတဲ့ ညောင်ရမ်းစားကို ဘာမှုရမလဲ ဘုရား"

နတ်သျှင်က ဖိလစ်၏အပြောကြောင့် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ အိန္ဒိယရှိဂိုအာမှယခုတိုင် ပြန်စာရောက်မလာခဲ့သေး။ အင်းဝဘုရင် ညောင်ရမ်းမင်း၏ အလုံးအရင်းနှင့် စစ်ပြင်ဆင်မှုများအကြောင်း အထောက်တော်များထံမှ သတင်းရရှိခဲ့သည်။ တောင်ငူနှင့် အင်းဝစစ်ပွဲမှာ အင်းဝသို့ ပါသွားခဲ့သော ညီတော်နှင့်ဦးရီးတော်ပါ စစ်မှူးစစ်ကဲတွေအဖြစ် လိုက်ပါလာလေမလား။ ဖိလစ်ကတော့ အင်းဝနှင့်စစ်ဖြစ်လျှင် တောင်ငူမှခေါ်ဆောင်သွားသည့် စစ်သူရဲများနှင့် ညီတော်များက နတ်သျှင်ကို ကူကြလိမ့်မည် ထင်သည်။

နတ်သျှင်ရင်ထဲမှာတော့ ညီတော်များနှင့် ဘထွေးတော်ကို အင်းဝသို့ ခေါ်ဆောင်ခံရသဖြင့် လက်ရုံးပြုတ်ခဲ့ရပုံကို မမေ့နိုင်။

သန်လျင်နှင့် ဖြစ်ခဲ့သည့် စစ်ပွဲမှာ ဥပါယ်တံမျဉ်မျှသာ နတ်သျှင်က ဖြစ်စေလိုခဲ့သော်လည်း ဒီဘရစ်တိုကလည်း မြို့ကို အလုံးစုံချေမှုန်းပစ်ခဲ့သည်။ ရဲရင့်၍သူ၏ လက်ရုံးသဖွယ်ဖြစ်သော ညီတော်မင်းရဲကျော်စွာကို ဆုံးရှုံးခဲ့ရသည်။ ဇင်ကာ(ဒီဘရစ်တို)က မုတ္တမကြည်းတပ်ရေတပ်နှင့်ပေါင်းကာ တောင်ငူကို ကြည်းကြောင်းရေကြောင်း နှစ်ဖက်ညှပ်ပြီးတိုက်ခဲ့သည်။ ကေတုမတီမရောက်မီ ဆင်ရုံပေါက်ရောက်မှ အမြောက်သံပေးခဲ့သည်။ သန်လျင်က စစ်ရှုတ်တရက်ရောက်လာတော့ ဗရုတ်သုတ်ခထဲမှာ မယ်မယ်က ဆင်နှင့် ပြေးရာ မယ်မယ်နှင့်အတူ နတ်သျှင်၏ ကိုယ်လုပ်တော် ၂ ပါး သားငယ်သမီးငယ်များ အင်းဝသို့ ပါသွားခဲ့သည်။ အကယ်၍သာ ဖိလစ်က စာလွှာကြိုစေကာ ချီလာခဲ့လျှင်၊ သည်လိုဆိုပြန်တော့

mgyoe.com SAMPLE BOOK

လည်း အထောက်တော်ကို ဖမ်းမိသွားပါလျှင်. . .။ သို့သော် ထိုစဉ်က ဖိလစ်ဒီဘရစ်တိုသည် နတ်သျှင်စေသည့်စာကို မယုံကြည်၍လေလား။

ဖြစ်ခဲ့သမျှမှာ ကံတရား၏ အလိုမျှသာပင်။ ယခုတော့ ကေတုမတီတောင်ငူပြည့်ရှင် မင်းဧကရာဇ်စင်စစ်ဖြစ်ခဲ့ပါလျက် နောက်ပါလူ ၁၀ ယောက်မျှဖြင့် သန်လျင်သို့ လိုက်ပါခဲ့ရပုံမှာ ပြန်မတွေးလိုတော့အောင်ပင်။ သူသည် စစ်သုံးမြေပုံကို အမှတ်တမဲ့မျှသာ ကြည့်သည်။ ဟံသာဝတီကို အောင်နိုင်ခဲ့သော တပ်တော်သည် ဘယ်ဆီမှာပါလိမ့်။ ဆင်တပ်တွေ မြင်းတပ်တွေ သူ၏ ရဲမက်စစ်သည်တွေ. . .။

စစ်အလံများ မြားများဖြင့် တန်ဆာဆင်ထားသော ပေါ်တကေဘာသာစကားဖြင့် အမှတ်အသားတို့ပြုလုပ်ထားသော ထိုမြေပုံတွင် တောင်ငူနေပြည်တော်၏ တည်ရာအင်ပါယာ(သို့တည်းမဟုတ်) ကေတုမတီလက်နက်နိုင်ငံတော် တစ်ဖန်ပြန်လည်ထွက်ပေါ်လာဖို့တော့ အချိန်စောင့်ရပေလိမ့်မည်။ ဖိလစ်ကား ရခိုင်သူကို လက်ဆက်ခဲ့ဖူးသူဖြစ်ရာ ဗမာစကားကို ပေါ်တကေသံတွင် ရခိုင်သံအနည်းငယ်စွက်၍ သွက်လက်စွာ ပြောတတ်သူတည်း။

ဗိုလ်ချုပ်ရိုဗေယိုဘက်သို့ လှည့်ပြီး ပေါ်တကေဘာသာဖြင့် တစ်စုံတရာပြောလိုက်သည်။

တစ်ဖန် နတ်သျှင်ကို အလေးအမြတ်ပြုဟန်ဖြင့်-

"အင်းဝက ချီလာရင်လည်း မုတ္တမတပ်တော်နဲ့ ပေါင်းထားတဲ့ကြည်းတပ်ရေတပ်အင်အားနဲ့ မြို့ကို ကာကွယ်သွားနိုင်မှာပါ ကိုယ်တော်။ အရှင်ဘုရားက ကြည်းတပ်တော်ကို ဦးဆောင်ပြီး ရိုဗေရိုက ရေတပ်ကိုဦးစီး။ အကျွန်က မြို့တွင်းကို တာဝန်ယူကြရင် အကျွန်တို့ရဲ့အမြောက် မြတပူတွေ အကူအညီနဲ့ ကြံ့ကြံ့ခံနိုင်မှာပါ။ ဂိုအာက စစ်ကူရောက်လာတာနဲ့ ခံစစ်က ထိုးစစ်အသွင်ပြောင်းပြီး လက်နက်ခဲယမ်းအပြည့် အမြောက်ကျည်တဖျောဖျောနဲ့ စစ်ဆင်လိုက်ရင် . . . "

နတ်သျှင်၏ မျက်နှာတော်မှာ အတန်ငယ် ပန်းသွေးယှက်သန်းနေခဲ့ပါပြီ။

မုတ္တမတပ်တော်သည် ဖိလစ်နှင့် သားပေးသမီးယူ အပြန်အလှန်အဆွေခင်ပွန်းဖွဲ့ထားသော တပ်တော်တည်း။ ယိုးဒယားဘုရင်ကို သစ္စာခံခဲ့ပြီး ယိုးဒယားကပေးသော မြို့စားဘွဲ့ကို ခံယူခဲ့သော ဗညားဒလသည် နတ်သျှင်နှင့် ကျွမ်းဝင်လေးမြတ်မှု မရှိခဲ့။

သို့တိုင် မုတ္တမစစ်သည်တို့ကား ရဲရင့်ကြပါ၏။ သို့သော် သူ၏တပ်တော်ကား မဟုတ်ခဲ့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

အနည်းငယ် မှောင်စပြုလာသည်။

စံအိမ်တော်တွင်းတွင် ဖန်မီးဆိုင်းကြီးများ၌ ဧရာမဖယောင်းတိုင်တို့ အရောင်ဖြင့် တလက်လက်တောက်ပနေခဲ့ပြီ။

အလင်းရောင်ကြောင့် ဖိလစ်၏စစ်ဝတ်စုံမှ တံဆိပ်များ ပန်းပွားများသည် တောက်ပြောင်နေကြသည်။

ဂိုအာမှ ဘုရင်ခံပေးသော ဆုတံဆိပ်တို့သည် ဖိတ်ဖိတ်လက်လျက်။

ဖိလစ်၏ ကြင်ယာတော် လွိဇာ ဝင်လာသည်။

ခရမ်းနုရောင်ပိုးသားပျော့ပျော့ ဇာနားကွပ်ဝတ်စုံနှင့်။ နုပျိုလွန်းသော မျက်နှာ၊ ထွားကျိုင်းဖွံ့ဖြိုးလှသော ရင်သားအစုံက ရွှေရင်ဖုံးတို့ မဖုံးတုံ့။ လက်နှင့် ရင်ဘတ်တို့တွင် ပတ္တမြားကျောက်မျက်တို့က ပြိုးပြိုးပြက်ပြက်လက်လျက်။ ထိုရတနာတို့မှာ နတ်သျှင်က သနားတော်မူထားသော ရတနာများတည်း။

"တော်ကြီးဘုရား"

ရွှန်းလက်ဝင်းပသောအပြုံးဖြင့် နတ်သျှင်ကို မပီကလာ နှုတ်ဆက်လိုက်သည်။

သူမ ပြောတတ်သမျှ ဗမာစကားကား ထိုမျှသာ။

နတ်သျှင်က တုံ့ပြန်ပြုံးကြည့်လျှင် လွိဇာက ညစာသုံးဆောင်ဖို့ အသင့်ဖြစ်ကြောင်း ပေါ်တကေဘာသာဖြင့် ပြောလိုက်သည်။ နတ်သျှင်ကား ပေါ်တကေစကားကို ထမင်းစားရေသောက်မျှတော့ နားလည်သည်။

ဖိလစ်က ရှိုဗေယိုကိုပါ ဖိတ်ခေါ်လိုက်သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ကမ်းစပ်တွင် လှိုင်းတို့ တဖျပ်ဖျပ် ရိုက်ခတ်ဆဲဖြစ်သည်။

လခြမ်းကွေးသည် ကောင်းကင်တွင် သာလျက်။

ဧရာမပိတောက်ပင်၊ နွှေပင်၊ အင်ပင်တို့သည် လေကြောင့် တရှဲရှဲ အော်မြည်နေကြသည်။ ဝေါမှ တင်းတိမ်ကို လေတိုးသဖြင့် လွင့်ဆဲ။

အမှောင်ထဲမှာ ငှက်ဆိုးတစ်ကောင် ဂီးခနဲ ဖြတ်သန်းသွားသည်။

နတ်သျှင် ရုတ်တရက် ထိတ်လန့်သွားမိသည်။ သန်လျက်ကို အသာစမ်းလိုက်မိသည်။

မှောင်မိုက်သော ကုန်းစောင်းတစ်လျှောက် မီးတိုင်ကို ကိုင်စွဲထွန်းညှိပြသော ကိုယ်ရံတော်တို့မှာ ငှက်ဆိုးကို သတိထားမိလိုက်ပုံမရ။

ဝေါထမ်းတို့က ခြေလှမ်းမှန်မှန်ဖြင့် တငြိမ့်ငြိမ့် လှမ်းနေခဲ့သည်။

ကင်းစခန်းတစ်ခုမှ မေးမြန်းသံ၊ ပေါ်တကေဘာသာဖြင့် အလေးပြုသံတို့ ပေါ်ထွက်လာသည်။

ဝေါတော်မှာ သန်လျင်မြို့လယ်ဆီသို့ ဖြတ်သန်းလာသည်။ နတ်သျှင်၏ စံအိမ်တော်ဆီသို့ပင်။

ငှက်ဆိုးမြည်သံကြောင့် နတ်သျှင်ရင်ထဲ စိုးနှောင့်မှုများ ဖြစ်ပေါ်လာခဲ့ပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်းဝက တောင်ငူသို့ လာမတိုက်မီ မြတ်စောညီနောင်ဘုရားကို ဖူးပြီး ပြန်လာခိုက် ထိုသို့ပင် ဝေါယာဉ်ရှေ့က ငှက်ဆိုး မြည်ခဲ့ဖူးသည်။ လေးသည်တို့က ထိုငှက်ကို ပစ်ချခဲ့သည်။

မကောင်းသော အတိတ်နိမိတ်ဆိုးများကြောင့် သမားဟူးရားတို့ဖြင့် ယတြာချေခဲ့ပါ၏။ သို့တိုင် ဗားမဲ့ဆရာတော်အစွမ်းဖြင့် တောင်ငူထီးနန်းကို အင်းဝက လုပ်ကြံနိုင်ခဲ့သည်။

အင်းဝမင်း သခင်လတ်သည် ဘယ်အငြိုးနှင့်များ လိုက်၍ရန်ရှာလေသလဲ။

နတ်သျှင်၏ ယောက်ျားပီသသော ခန္ဓာကိုယ်သည် အတန်ငယ်ရှေ့သို့ ကိုင်းညွတ်လျက်။ တင်းတိမ်စကို ဖယ်ရှားကာ ဘေးဘီသို့ ကြည့်သည်။ သေရမှာကို သူ မကြောက်ပါ။ ယောက်ျားပီပီသသပင် ဘဝမှာ တစ်ခါသာ သေလိုပါသည်။

ယခုသော်ကား သခင်လတ်သတ်ခဲ့သဖြင့် နတ်သျှင် ဘဝတစ်ပိုင်းသေဆုံးခဲ့ရပြီ။ အင်းဝ၏ လက်အောက်ခံဘုရင်ခံဘဝ။

ယခုလည်း အဆိပ်ဖြင့် ဖြစ်စေ ဥပါယ်တံမျဉ်ဖြင့် သူတစ်ပါးလုပ်ကြံခံရပြီး မသေလိုသေးပါ။ လှံကို လှံချင်း ဓားကိုဓားချင်း စစ်ခင်း၍သာ သေလိုပါသည်။

အိမ်တော်တည်ရာ ခြံဝင်းတော်ရှေ့သို့ ရောက်လျှင် ဧရာမသံထည်ဝင်း ခြံတံခါးကြီးကို အတွင်းမှဖွင့်သံ၊ ပေါ်တကေအစောင့်စစ်သည်တို့ သေနတ်မြှောက် အလေးပြုသံတို့ကြောင့် ညင်သာစွာ လက်တော်ကို ဝှေ့ယမ်း အသိအမှတ်ပြုရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဝေါ်တော်ပေါ်မှသည် ဧရာမစံအိမ်တော်ကြီး၏ ဝရန်တာကို လှမ်းတက်ပြီး စောင့်ကြိုနေသော ကိုယ်လုပ်တော်သို့ လက်ကမ်းလိုက်သည်။

မြင့်ဖုန်းရှိသည် နတ်သျှင်၏လက်တော်ကို ညင်သာစွာ တွဲကြိုရင်း

"ရွှေစိတ်တော် ပင်ပန်းတော်မူခဲ့ပြီလား မောင်မောင်"

မြင့်ဖုန်းရှိမှာ နတ်သျှင်၏ ကိုယ်လုပ်တော်ကြီးတစ်ပါးဖြစ်ပြီး သားသမီး ၃ ဦး၏ မိခင်လည်းဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီး၏ မထင်မရှား ကိုယ်လုပ်တော်တစ်ပါး၏ သမီးလည်းဖြစ်သည်။

ယခင်သန်လျင်မြို့စား သီဟမာရီ၏ မြို့စားကတော် သုဂန္ဓကလျာ၏ ညီမတော်လည်းဖြစ်သည်။ ယခုအခါ မြင့်ဖုန်းရှိသည် အသက် ၃၀ မှ စွန်းခဲ့ပြီ။ ၁၃ နှစ်အရွယ် သားကြီးသည် ပေါ်တကေဗိုလ်ချုပ် ရိုဗေယို၏တပ်တွင် တပ်ဗိုလ်

mgyoe.com

mgyoe.com
SAMPLE BOOK

အဖြစ် တာဝန်ထမ်းနေ၏။ ဤသည်ကို မြင့်ဖုန်းရှိအဖို့တော့ မနှစ်သက်နိုင်ပါ။

ပေါ်တကေတို့ အယူဝါဒကို သားတော် လက်ခံသွားမှာကို အလွန်အမင်း စိုးရိမ်ရှာလေသည်။

သားတော်လတ်မှာ ဘွားတော်နှင့်အတူ အင်းဝသို့ ပါခဲ့ပြီ။ ထိုသားတော် အတွက်လည်း ရတက်မအေးနိုင်။ သားတော်လတ်မှာ ၉ နှစ်သားအရွယ် ရှိခဲ့ပြီ။ သမီးတော်လေးမှာ ၆ နှစ်အရွယ်မျှသာ ရှိသေးပြီး မိခင်ကို မျက်စိအောက်က အပျောက်မခံနိုင်ရှာသူ ဖြစ်သည်။

မြင့်ဖုန်းရှိသည် သောကများကြောင့် အတန်ငယ်နွမ်းနယ်နေသော်လည်း ပင်ကိုအလှမှာ မပျောက်ပျက်သေးပေ။ နတ်သျှင်မှာ ယခင်က မြင့်ဖုန်းရှိကို ငယ်ရွယ် စဉ် ချစ်ခင်စလောက် အလေးမထားခဲ့သော်လည်း ယခုအခါ သေအတူရှင်မကွာ ထားရှိသော စိတ်သဘောကြောင့် အတန်ငယ်ပြန်၍ အလေးဂရုထားလာခဲ့သည်။

ထို့ပြင် သားတော်လေးအတွက် သူမ၏ ပူပန်မှုကိုပါ နားလည်ပေးခဲ့သည်။ မြင့်ဖုန်းရှိမှာ တောင်ငူကို ပေါ်တကေတို့ လုပ်ကြံခိုက် သေမည်ရှင်မည် ဂရုမထား၊ နန်းစဉ်ရတနာများကိုလည်း စောင့်ရှောက်သယ်ဆောင်ခဲ့သူဖြစ်သည်။ နတ်သျှင်ကို အသက်ထက်ပင် ချစ်ခင်ခဲ့သော်ငြား ပေါ်တကေတို့နှင့် ပူးပေါင်းခဲ့ခြင်းကို နားမလည် နိုင်ရှာသူလည်း ဖြစ်သည်။

နတ်သျှင်သည် သလွန်ထက်မှာ မြင့်ဖုန်းရှိကို ယုဉ်တွဲထိုင်စေလိုက်သည်။

"သမီးတော်လေးကောကွယ် ကျန်းခန့်ရဲ့လား"

"မှန်ပါမောင်မောင် အိပ်ပျော်သွားရှာပါပြီ"

သမီးတော်လေးမှာ ဘွားတော်နှင့် အစ်ကိုတော်တို့ကို မမြင်တွေ့ရခြင်းနှင့် တောင်ငူထီးနန်းတွင် ကြုံတွေ့ခဲ့ရသော ကျီးလန့်စာစားအဖြစ်အပျက်များကြောင့် အမှောင်ကိုကြောက်ကာ စိတ်ချောက်ချားသည့် ရောဂါစွဲကပ်နေခဲ့သည်။

ပေါ်တကေစစ်တပ်ဆရာဝန်၏ နှလုံးငြိမ်ဆေးကား အိပ်ဆေးများသာ တည်း။

မြင့်ဖုန်းရှိမှာ သူမ၏ပူပန်မှုများကို ချုပ်တည်းကာ နတ်သျှင်၏ မျက်နှာ တော် မရွှင်မပျခြင်းကိုသာ အလေးထားလျက် ဘာများဖြစ်လာခဲ့ပြန်ပြီလဲ စိုးရိမ် မိရှာသည်။ အိမ်တော်သို့လည်း ပြင်သစ်ဘုန်းတော်ကြီး ကြွရောက်လာကာ သမီးတော်လေးအတွက် သတင်းမေးခြင်းနှင့် ဝတ်ပြုဆုတောင်းပွဲ လုပ်လိုကြောင်း ပြောသွားခြင်းကို ရတက်မအေးနိုင် ဖြစ်ရရှာသည်။ နတ်သျှင်ကို တင်လျှောက်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

စောင့်နေခဲ့ရာ မျက်နှာတော် မသာမယာဖြင့် ပြန်လာသည့်တွက် မပြောရက်တော့။

"ညလယ်စာ သုံးဆောင်တော်မူလိုပါစ မောင်မောင်"

"တော်ပြီ ဗျစ်ရည်ဆိတ်စာသာ လှမ်းစမ်းပါ"

မြင့်ဖုန်းရှိက သေရည်တကောင်းထဲမှ ဗျစ်ရည်ကို ဖန်ကလပ်ထဲသို့ ငှဲ့ကာ ဆက်သည်။

သည်ညမှာ နတ်သျှင်အဖို့ အိပ်မပျော်သောညတစ်ညဖြစ်ပေလိမ့်ဦးမည်။ ကေတုမတီနေပြည်တော်တွင်တော့ အတိတ်နိမိတ်များ ဆိုးရွားတိုင်း ယတြာချေဖို့ ပုဏ္ဏားတော်များက စီရင်တတ်မြဲ။ နတ်သျှင်အဖို့ မြင့်ဖုန်းရှိစိုးရိမ်မှာ စိုးသဖြင့် ပြန်မပြောပေ။ နတ်သျှင်ကိုယ်တိုင်လည်း အယူတော်များကို မည်မျှလိုက်နာခဲ့စေ၊ အင်အားသာသော အင်းဝကို ရှုံးခဲ့ရပြီးပြီမို့ ထပ်မံစိုးရွံ့လို့တော့ မနေလို။ မယ်မယ်သာရှိလျှင်ဆိုသည့် အတွေးဖြင့် မယ်မယ်ကို တမ်းတမိသည်။ ဟံသာဝတီစုဖုရား အသေစောတော်မူခြင်းအတွက် နှမြောတသဆဲကပင် ဟံသာဝတီစုဖုရားအစ်မတော်သာရှိလျှင် သည်သို့သောလောကဓံများကို ခံစားနိုင်စွမ်းမည်မထင်။ သည်လိုဆိုပြန်တော့ နန်းကျဘုရင်၏ ကြင်ယာဖြစ်ခွင့် မကြုံလိုက်သည့် ဟံသာဝတီစုဖုရား၏ ကံကိုပင် ကြံဖန်ကျေးဇူးတင်လိုက်ချင်သည်။

မြင့်ဖုန်းရှိက သေရည်ကလပ်ကို တစ်ချက်တည်းမော့လိုက်သော နတ်သျှင်အတွက် စိုးရိမ်သွားမိသည်။

မင်းတရားတပင်ရွှေထီးသည် ပေါ်တကေသူသွမ်းနှင့် ပေါင်းကာ သေသောက်ကျူးခဲ့သဖြင့် သူတစ်ပါးလုပ်ကြံခံရပြီး သက်ရွယ်တော်ငယ်ငယ်နှင့် ကံကုန်ခဲ့ရသည်။

သန်လျင်စားမှာလည်း ရန်သူတော်ဟောင်း မဟုတ်ပါလော။

ရန်သူသည် နတ်သျှင်ကို မီးပေါက်သေနတ်နှင့် တစ်ချက်တည်း သေအောင် မသတ်ပဲ တစိမ့်စိမ့်သေအောင် သေရည်နှင့် ဖြားယောင်းလေသလား။ ပေါ်တကေ လူသွမ်းငဇင်ကာ (သူ့ကိုယ်သူ နတ်သျှင်နှင့်တန်းတူ မဟာဆီ မဟာသွေးပါသယောင် ပြုမူနေသော်လည်း) ကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ခဲ့ရရုံမက ကိုယ်ရံတော်တွေနှင့်ပါ ကွဲတပြားဖြစ်၊ သားတော်လတ်နှင့်ပါ ကွဲခဲ့ရပုံမှာ အသည်းတွင် သံမှိုနှင့် နှက်ထားသလိုပင်။ သည်လိုအခြေအနေမျိုးမှာ အင်းဝကိုနိုင်စေဦး။ သည်မိစ္ဆာတွေရန်က လွတ်ဖို့လိုသေးသည်။ ယခုအခါ သူမ လိုချင်ခဲ့သော နတ်သျှင်ရဲ့ ကြင်နာမှုတချို့ကို ရခဲ့သည့်တိုင် စစ်ပွဲအောင်နိုင်လျှင် နန်းရမိဖုရားတစ်ပါးအဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

တင်လေမလား မျှော်လင့်ကောင်း မျှော်လင့်နိုင်သည့်တိုင် မပျော်တော့နိုင်။

"ခင်ဖုန်းလဲ ပင်ပန်းရော့မယ် စက်ချေတော့"

သူ့ဆံစကို ညင်သာစွာသပ်၍ နတ်သျှင်က ဆိုသည်။

ခင်ဖုန်းမျက်ရည်တစ်စက် ပါးပေါ်သို့ စီးကျလာသည်။

မောင်မောင်၏ရင်ခွင်မှာ ခင်ဖုန်းအတွက် လုံခြုံမှုမပေးစွမ်းနိုင်တော့သလို ခင်ဖုန်းအတွက် နေရာလည်း မရှိတော့ပါပေ။ နတ်သျှင်က

"ရော် ခင်ဖုန်းငယ် ဘဇာဖြစ်ပြန်ပြီလဲ"

ခင်ဖုန်းမျက်ရည်စကို အသာသိမ်းကာ ပြေးထွက်လာခဲ့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

ခင်ဖုန်းငယ် ကြေးမုံနားက မခွာနိုင်သေးသဖြင့် မမဘုရား စိတ်မရှည်နိုင်ဘဲ ဖြစ်ရသည်။

"မလိုက်လိုလဲနေတော့ ခင်ဖုန်းငယ်၊ တော်ကြီးဘုရား ထွက်ကြွတော်မူခါနီးနေပြီ"

"ပြီးပါပြီဘုရာ့ မမကလဲ"

"မမတော့ သွားနှင့်ပြီ၊ ဝေါယာဉ်ကို ပြန်လွှတ်လိုက်မယ် ဟုတ်စရှင်သခင်မ ဖုရား"

မမဖုရားက စိတ်မရှည်နိုင်အောင် ဖြစ်ရသည်။

ကျိုက်ခေါက်ဆံတော်ရှင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားရသဖြင့် ဟံသာဝတီနေပြည်တော်မှ ဘုန်းတော်ကြီးဘုရားကိုယ်တိုင် ချီတော်မူလာပြီး ရွှေထီးတော်တင်လှူသည့် ပွဲဖြစ်သည်။ သန်လျင်မြို့စားကတော်အဖို့ ရွှေမြို့တော်မှ ချီတော်မူလာကြသည့် မမဖုရားများကို ညကလည်း သဘင်ပွဲနှင့် ဧည့်ခံခဲ့ရပြီး ယခုလည်း အိပ်ရေးပျက်ထားသည့် မျက်လုံးများကို အနိုင်နိုင်ဖွင့်ကာ မိုးမလင်းမီကပင် စီစဉ်စရာတွေ စီစဉ်ဖို့ ဘုရားသို့ကြိုတင်သွားခဲ့ပြီဖြစ်သည်။ မိတဆိုးဖြစ်သဖြင့် အစ်မကိုသာ အားကိုးပြီးနေလာခဲ့သော ခင်ဖုန်းငယ်မှာ ထိုသို့သော အရေးအရာတို့ကို နားမလည်ရှာ။ ဘုရင့်နောင်မင်းတရားကြီး၏ ရင်သွေးတော်ချင်းအတူတူ ရွှေဘုံ

mgyoe.com

mgyoe.com SAMPLE BOOK
ရွှေနန်းစံတို့ကို ဘဇာကြောင့် သည်မျှကြောက်နေရသလဲဟု သူမမကိုပင် မေးခွန်းထုတ်လိုက်သေးသည်။ တကယ်လို့များ သူတို့မယ်မယ်သည် အသည်အလာထဲက မဟုတ်ခဲ့ပဲ ရွှေမှုန်ကိုစား ရွှေနန်းဖွားသာဖြစ်ခဲ့လျှင် သင်းတို့ကို သည်လိုခယဝပ်တွားနေဖို့လိုပါဦးမလား။ ခုတော့ မိခင်ကလည်း ခင်ဖုန်းကိုဖွားရင်း ကွယ်လွန်ခဲ့ပြီ။ နန်းမတော်ဘုရားက ခင်ဖုန်းငယ်ကို ဟံသာဝတီနေပြည်တော်မှာ အပျိုတော်တစ်ပါးအဖြစ်ခစားဖို့ ချစ်စနိုးခေါ်တာပင် မမနဲ့ မခွဲနိုင်လို့ဟုလျှောက်တင်ခဲ့သည်။ မမမှာတော့ ခင်ဖုန်းငယ်ကြင်ဖက်တော်ကောင်းမရမှာ ပူပင်ရရှာသည်။ မောင်ဘုရားကလည်း ခင်ဖုန်းငယ်ကိုပါ မျက်စိတော်ကျသွားမှဖြင့်။ လင်ညီအစ်မတော့ မဖြစ်လိုချင်။ ခုတလော ကတော်မယား တော်မယားတွေကြားမှာ မောင်တော်တွေက မမဖုရားတွေကို ရိုးအီဝပြီး ညီမတော်မိမိတွေကို အစဉ်အဆက်မြှောက်စားတော်မူနေကြသည်။ ခင်ဖုန်းကတော့ ခဲအိုတော်ဘုရားကို ဝတုတ်ဗိုက်ရွဲ ကိုယ်တော်ကြီးမို့ စိတ်မဝင်စားဘူးထား။ အင်း မောင်မောင်ဘုရားလည်း ဘုရားကိစ္စနှင့် လုံးခြာလည်ဆဲမို့သာ တော်တော့။

ခင်ဖုန်း၏ နို့ထိန်းမယ်မယ်ကလည်း အလိုလိုက်လွန်းလှသည်။ ခင်ဖုန်း၏ ဇာတာကို တွက်ကာ မိဖုရားဧကန်ဖြစ်မည့် ဇာတာဟုသတည်း။ ထိုသို့သော ဇာတာရှင်မှာ ကံအကြောင်းမသင့်မီသာ။ သင့်လာလျှင် ဖုတ်သွင်းရထား ဆိုက်လာရမည်ဧကန်။

ခင်ဖုန်းငယ်မှာ နို့ထိန်းမယ်မယ်လက်ထဲက သူမဝတ်ဆင်ဖို့ ယူဆောင်လာသမျှတွေလည်း စိတ်တိုင်းမကျနိုင်။

"ဟင့် အမယ်ကလဲ ခင်ဖုန်း ဖက်ဖူးရောင်ကို မကြိုက်ပါဘူးဆို"

"ရို့ ခင်ဖုန်းအပျို့နှယ် ချေးသာလောက်များနေရင် ထီးတော်တင်ပွဲမီပါ့မလား"

"သည် ပန်းသွေးဖောက် ပုလဲနုရောင်ပြေးလေးက မယဉ်ပါစ"

"သာကမင်သားများဝတ်တဲ့ ပုဆိုးဆင်ဆန်လှချည့်"

"နီပြေပြေကတ္တီပါ ဇာနားတပ်လေးနဲ့ဆိုရင် ခင်ဖုန်းပါးလေးတောင် နီမြန်းနေလိမ့်မယ်၊ မြန်မြန်ဆင်တော်မူပါရော့။ တော်ကြာ မမဖုရားကို ခေါင်ဖုရားက အမေးတော်ရှိရင် ဖြေရခက်နေပါ့မယ်"

အမယ်က ချစ်စနိုးမျက်စောင်းထိုးပြီး ပြောလိုက်သည်။

"အလိုရှင် ခင်ဖုန်းက ကတော်မယားမှ မဟုတ်တာ၊ ဖြေချင်ရာ ဖြေလိုက်
mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့"

ခင်ဖုန်းက နှုတ်ခမ်းစူရင်း နီပြေပြေကတ္တီပါဝတ်စုံကိုပင် ဆင်မြန်းနေသည်။

"ကဲ ကြည့်စမ်း၊ သည်လိုဆိုတော့ တို့ခင်ဖုန်းငယ်မလှလား။ ကြေးမုံမှာ ရှုစားစမ်းပါဦး"

"တော်ပြီ တော်ပြီ အမယ်ကလဲ၊ ပတ္တမြားကျောက်စီဘယက်လည်း မဝတ်လိုပေါင်။ မကာအိုက ကုန်သည်ကြီးဆက်သတဲ့ ပုလဲကြိုးတစ်ကုံးပဲ ဝတ်ပါရစေ၊ လည်ပင်းလေးလွန်းလို့"

"သည်နှစ်ထဲမှာ ပုလဲရတနာ မဆင်မြန်းကောင်းဘူးလို့ ပုဏ္ဏားတော်ကြီးက"

"အလိုလေး အမေရှင် ပူ ပူပင်လွန်း၊ ခင်ဖုန်း လှမှာ မမြင်လိုဘူးပေါ့ ဟုတ်စ"

"ကဲ ကဲ ဝတ်လိုရာဝတ်ပါ မြန်မြန်လေး"

"ဝေါတော်ပြန်လာရင် အမယ်လိုက်မလာနဲ့"

"ဟော စိတ်တော်က ဖောက်လာပြန်ပြီ"

"ထီးနန်းတင်ပွဲ မသွားတော့ဘူး အမယ်လိုက်ရင်"

ခင်ဖုန်းက ကလေးဆိုးလို စိတ်ကောက်ဟန်ပြုသည်။ နို့ထိန်းအမယ်က-

"ဘဇာ မင်းသားနဲ့များ ချိန်းထားပါစ"

"ချိန်းပါဘူး၊ တော်ကြီးဘုရားရဲ့ ဘယ်သားတော်များ ကောင်းလို့လဲ။ အရက်သမားနဲ့ ကြက်သမားချည်းပဲ"

"အို ခင်ဖုန်းတို့ကတော့ ကြမ်းကြားလေကြား"

"ဟော ဝေါတော်ပြန်လာပြီတဲ့ အမယ်နော် နေခဲ့ဆို။ ဟိုရောက်ရင်လည်း ထိပ်ခေါင်တင်မမဖုရားတွေ ဦးတင်ရလွန်းလို့ ခေါင်းကျိုးမှာတောင်စိုးမိသေး၊ ပုန်းကို နေဦးမယ်"

ခင်ဖုန်းငယ်ကို ကုန်သည်ကြီးတို့၏ သမီးများနှင့်အတူ ကြိုဆိုဧည့်ခံရေး တာဝန်ပေးထားသော်လည်း တမင်နောက်ကျအောင် လုပ်နေခဲ့ရာ သူမ၏ မမဖုရားပင် စိတ်မရှည်နိုင်ဘဲ သွားနှင့်ပြီဖြစ်သည်။

ခင်ဖုန်းသည် ဝေါယာဉ်ပေါ် ထိုင်ရင်း "တော်ကြီးဘုရား ချီတော်မူလာပြီလား" ဝေါမှူးကြီးကို မေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝေါမှူးကြီးက "ချီတော်မူခါနီးပါပြီ ဘုရား"

"ရှိ ဘဘကလဲ ခင်ဖုန်းကို ရှိသေနေပြန်ပြီ။ သီဟိုစေ့လှော်ရရင် ခင်ဖုန်းကိုပေးစားလှည့်ပါဦး ဘဘရဲ့။ ခုချိန်ဆို သုစမ္မာဇရပ်တွေလည်း ပြည့်လို့ ထင်ရဲ့"

"အင်မတန်မှ စည်ကားလှပါတယ် ဘုရား"

ခင်ဖုန်း အမေးအမြန်းထူနေခိုက် ကျိုင်းကိုင်လုလင်နှစ်ယောက်နှင့် ရှေ့တော်ပြေးမင်းမှုထမ်းများ ရုတ်ချည်းပေါ်လာပြီး

"ချီတော်မူလာပြီ ချီတော်မူလာပြီ"

အောင်စည်အောင်မောင်းသံ တံပိုးခရာသံတို့နှင့်အတူ ထီးဘုရားကြီး ချီတော်မူလာလေပြီ။

ခင်ဖုန်းတို့ ဝေါယာဉ်မှာ လမ်းပိတ်နေသလိုဖြစ်ရာ အဆောင်ကိုင်မြင်းသည် တစ်ယောက်က ကြိမ်ကိုဝင့်ရင်း-

"ဟဲ့ ဖယ်ကြ ရှားကြ" အော်ဟစ်နေလေသည်။

ဝေါထမ်းလုလင်တို့လည်း ဘေးကိုဖယ်ဖို့ ကြိုးစားသည့်တိုင် ချီတော်မူလာမည်ကို စောင့်နေကြသော လူအုပ်ကြောင့် လွတ်လွတ်ကင်းကင်း မရှောင်သာပဲ ဖြစ်နေခဲ့သည်။

ခင်ဖုန်းငယ်မှာလည်း ဝေါယာဉ်မြေမသက်မီမှာပင် ရုတ်တရက်ခုန်ဆင်းလိုက်ရချေသည်။

ဝေါမှူးအဘမှာ မြင်းသည်ကျော်၏ ကြိမ်ဖျားခတ်သွားခြင်း ခံရသည်။

ခင်ဖုန်းငယ် အသားတဆတ်ဆတ်တုန်မျှ ဒေါသထွက်ရရှာသည်။ သို့တိုင် သူကိုယ်တိုင်ပင် အရိုက်အနှက်မခံရတာ တော်သေးသည်။

မြို့စားမင်း၏ စံအိမ်တော်မှ ဝေါယာဉ်အမှုထမ်းကိုပင် သည်မျှရိုင်းပြရမ်းကား ရလေသလား။

လမ်းဘေးမှ ရေဖြန်းထားသည့် သဲစိုပေါ်တွင် ကိုယ်ဟန်ပျက်သွားခဲ့ပြီး အသည်သားများ ဖြစ်ဟန်တူသူများက-

"ဟာ သခင်မလေးဖုရားပါလား"

ဘေးသို့ ရှဲပေးလိုက်ကြသည်။

ခင်ဖုန်းမှာ ဒေါသကြောင့် ထူပူနေရာ ချီတော်မူလာသော မင်းဇေကရာဇ်၏ ဆင်ခြေဖုံးလုလင်များ မှူးတော်မတ်တော်များနှင့် နွဲ့နွဲ့တလှုပ်လှုပ်လှမ်းလာသော ဆင်တော်ကိုပင် မမြင်နိုင်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘ၏လက်မောင်းမှာ အရှိုးရာထင်သွားခဲ့ပြီ။

မင်းစီးဆင်တော်နောက်မှ မိဖုရားနှင့် သားတော်သမီးတော်တို့၏ ဆင်တော်များ။ ထို့နောက်မှ မင်းညီမင်းသားဆွေတော်မျိုးတော်တို့၏ ဆင်တော်များ။ ထို့နောက်မှ မြင်းသည်တော်များ။

ခေါင်းငုံ့မာန်လျှော့ဖို့ပင် မေ့လျော့နေသော သူမကို မြင်းသည်တော်တစ်ဦးက မြင်သွားခဲ့သည်။ သူက မြင်းကို တပ်ခင်းရာသို့ မလိုက်သေးဘဲ လမ်းဘေးသို့ ချကာ ချန်ရစ်ခဲ့သည်။

"အလို သန်လျင်စံအိမ်တော်က ခင်ဖုန်းငယ်ပါကလား"

အံ့ဩရေရွတ်လိုက်မိသည်။

သာမန်မြင်းသည်တော်ကား မဟုတ်။ ထွက်တော်မူကြီးကို ရန်သူတို့အလစ် လုပ်ကြံလျှင် နှိမ်နင်းရန် စောင့်ရှောက်လိုက်ပါလာသော တပ်မှူးမင်းသားနတ်သျှင်ပေတည်း။

ခင်ဖုန်းငယ်ကို သန်လျင်ရောက်စကပင် သတိပြုမိခဲ့သည်။

ညက အကသဘင်ဖျော်ဖြေပွဲမှာ ဇာတ်သွားကိုပင် သတိမထားနိုင်အောင် စောင့်ကြည့်ခဲ့မိသည်။

သူတွေ့ဖူးနေကျ အချောအယဉ်တွင် အလှဆင့်သည့် ကေတုမတီရွှေနန်းသူများနှင့် မတူသည့် လှခေါင်မှူးငယ်တစ်ပါးမို့ပင်။

ချီတော်မူသည့် နောက်တော်ပါးမှ အစီအစဉ်တွင် မူလကမပါခဲ့သော်ငြား ခင်ဖုန်းငယ်၏ ဝေယျာဝစ္စတော်ကို ဆက်၍ လိုက်ပါနိုင်အောင် ဆောင်ရွက်ပေးသည်။ ခင်ဖုန်းငယ်မှာ ရှက်သွေးတွေဖြန်း၊ ဒေါသတွေလွှမ်းနေရာကပင် နတ်သျှင်ကို ကျေးဇူးတင်မိသွားသည်။

နတ်သျှင်မှာလည်း ဝတ်လဲတော်၏ နှင်းဆီနုသွေးရောင်က ပါးပြင်ကို ဟပ်လျက် နှင်းဆီငုံနှုတ်ခမ်းတော်ကို မစူတစူ ပကတိကလေးငယ်ပမာ မူရာမာယာကင်းသူလေးကို စွဲလမ်းသွားရသည်။

နတ်သျှင် ၁၆ နှစ်အရွယ်က သူ့ထက် ၁၈ နှစ်ခန့် သက်ရွယ်တော်ကြီးသည့် ထိပ်ခေါင်တင်ဒေဝီတစ်ပါးကို စွဲလမ်းမြတ်နိုးခဲ့ဖူးသည်။ ဟံသာဝတီအိမ်ရှေ့စံ၏ ကျန်ရစ်သော မုဆိုးမတစ်ဦးဖြစ်သည့် ရာဇဓာတုကလျာမင်းသမီးကိုပင်။ ရာဇဓာတုကလျာ၏ သိမ်မွေ့သောအလှ။ သူမ၏မဖြစ်လိုပါပဲလျက် ဖြစ်ခဲ့ရသော အိမ်ရှေ့စံမိဖုရားဘဝ။ အားလုံးက သူ့နှလုံးသည်းပွတ်ကို လှုပ်ရှားစေခဲ့သည်။ သို့သော်

mgyoe.com

mgyoe.com SAMPLE BOOK

အရိုးတော်တစ်ပါးလည်းဖြစ်၊ ဟံသာဝတီရွှေနန်းရှင်၏ အရေးထားခံရသည့် ညီမတော်တစ်ပါးလည်းဖြစ်ရာ နတ်သျှင်လို နန်းရံဘုရင်ခံ၏သားနှင့် နီးစပ်ဖို့ကား အိပ်မက်တစ်ခုမျှသာ။ နတ်သျှင်၏ ရတုကဗျာတွေထဲမှာ ဖွဲ့ဆိုတမ်းမောခဲ့ရသူ ဇေကရီတစ်ပါးပင်။ အလှမ်းကွာလွန်းတော့ စိတ်လျှော့ထားမိသည်။ သည်တစ်သက်မှာဖြင့် ကြင်ဖက်ဖြစ်ဖို့ မလွယ်ပေ။ ထိုစွဲလမ်းမြတ်နိုးမှုမှာ နတ်သျှင်၏ အသည်းထောင့်တွင် စွဲထင်ရစ်ဆဲ။ တကယ့်ပကတိဘဝမှ သူ့ထက်တစ်နှစ် နှစ်နှစ်မျှသာငယ်ပုံရသည့် သွေးကြီးမွေးကြီး မနိုင်ရုံမက ဘုန်းကံချင်းယှဉ်လျှင် ကိုယ်ကပင်သာနေသေးသော နန်းတွင်းသူမဟုတ်သည့် မိန်းကလေးကို တွေ့ဆုံရသောအခါ သူ၏ချစ်စိတ်တို့ ပြန်လည်ရှင်သန်လာခဲ့သည်။

နတ်သျှင်ကိုယ်တော်က ဝေါတော်ပေါ်သို့ ပြန်တက်ဖို့ ငြင်းဆန်နေသည့် ခင်ဖုန်းငယ်ကို အညင်အသာဖျောင်းဖျကာ အရိုက်ခံလိုက်ရသည့် ဝေါယာဉ်မှူးကိုလည်း တောင်းပန်ပြီး ဝေါယာဉ်ကိုထွက်ဖို့ ပြင်ဆင်စေလျက် ခြေသည်လုလင်တို့ ဝန်းရံစေကာ သူလည်းမြင်းဖြင့် ခပ်ဖြည်းဖြည်း ဘေးမှ စောင့်ရှောက်ကာ လိုက်ပါလာခဲ့သည်။

ခင်ဖုန်းငယ်မှာ ရင်တွေဖိုနေခဲ့သည်။

နတ်လုလင်တစ်ပါးလို တင့်တယ်သော အသေရေနှင့် ရတုစာဆိုတော်ဟု ထင်ရှားသော မင်းသားတစ်ပါး။ ထို့ပြင် ကြင်ဖက်သက်နှံ့ မရှိသေးသော ထိုမင်းသား၏ ကြယ်ရောင်လင်းနေသော မျက်လုံးများမှ စွဲမက်ဖွယ်အကြည့်များက သူ့ဆီမှာ ရစ်ဝဲလျက်။

နတ်သျှင်၏နှလုံးသားတွင် ကဗျာတစ်စ ရောက်ရှိလာခဲ့သည်။

*"မြသွင်လိုလို ရွှေကိုယ်ရှိမ်းရှိမ်း ပြစ်ယိမ်းကင်းနေ*
*သွယ်ခွေရစ်ညို့ ဖြူမြိတ်စို့လည်း"*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

နတ်သျှင်ကိုယ်တိုင်ပင် သူမကို ဘုရားပေါ်ထိ လိုက်ပို့လိုသော်လည်း တာဝန်နှင့်မို့ နန္ဒယော်ဓာကိုသာ လိုက်ပို့စေခဲ့သည်။ သူမကို နှုတ်ဆက်ကာ အပါးမှ ထွက်လာခဲ့တော့ သူမ၏ပုံရိပ်တို့က နတ်သျှင်နှလုံးသည်းပွတ်တွင် ထင်လျက်။ ဘုရားကုန်းတော်ပေါ်မှာ သံဃာတော်များ၊ ပရိတ်တရားရွတ်ဖတ် ပူဇော်နေကြပြီ။ မင်းပရိသတ်တို့ တရားနာနေခိုက် အစောင့်အကြပ်ထူထပ်လှသော ရင်ပြင်တော်ဝယ် သူမသည် လူရှင်းရာ စကားပင်ကြီးအောက်မှာ တစ်ယောက်တည်း ထိုင်၍ ဘုရားဝတ်ပြုနေလိုက်သည်။ စကားပန်းတစ်ပွင့်က အပင်ပေါ်မှ သူ့ရင်ခွင်ထဲသို့ ပြုတ်ကျလာခဲ့သည်။ မွှေးပျံ့သင်းသော ဝါရွှေရောင်ပန်းကလေးတစ်ပွင့်ပင်။

ဟံသာဝတီရွှေနန်းရှင်တို့ နေပြည်တော်သို့ ပြန်လည်ချီမည့် နံနက်မှာ သူမသည် လွမ်းသလိုလို ငိုချင်သလိုလို ဖြစ်နေခဲ့သည်။

အစ်ကိုတော်ဘုရားနှင့် မမတို့လည်း ဟံသာဝတီသို့ လိုက်ပါဖို့ပြင်ကြသည်။ သူမကတော့ မလိုက်ချင်ပါ ငြင်းခဲ့ပြီးပြီမို့ စံအိမ်တော်မှာပဲ တူတော်လေးများနှင့် နို့ထိန်းမယ်မယ်တို့နှင့် ကျန်ရစ်ခဲ့ရမည်။

စကားဝါပန်းကလေးကို ပဝါဖြူနှင့် ထုပ်ထားရာက ဖွင့်ကြည့်မိသည်။ ခပ်ညိုညိုအရောင်ပြောင်းကာ နွမ်းနေပြီဖြစ်သည့်တိုင် မွှေးနေဆဲပင်။ စကားဝါပန်းကလေးကို ကြည့်ရင်း နတ်သျှင်ကို သတိရမိပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နို့မယ်က "စံအိမ်တော်ရှေ့မှာ မင်းချင်းလုလင်တစ်ယောက်က ခင်ဖုန်းငယ်ကို တွေ့လိုပါသတဲ့"

နို့မယ်အသံကြောင့် စံအိမ်တော်ရှေ့သို့ မျှော်ကြည့်လိုက်တော့-

နန္ဒယော်ဓာ။

"သခင်မလေးဖုရားရဲ့ ရွှေလက်တော်အရောက် ဆက်သရမယ်လို့ ကိုယ်တော်လေးက မှာလိုက်ပါတယ် ဘုရား"

နူးညံ့သော အပြာရောင်ပိုးသားအိတ်ငယ်နှင့် သွတ်ထားသော စာသဝဏ်။ ခင်ဖုန်းငယ်ရဲ့ မျက်နှာလေးမှာ ပန်းသွေးလဲ့လဲ့ ပြေးသွားသည်။

ရင်တွေခုန်လျက် လက်တို့ တုန်ယင်လာခဲ့သည်။

"ကိုယ်တော်လေးက ပြန်တော်မမူသေးပါဘုရား။ အလှူတော်တွေ ကြီးကြပ်ဖို့ နေရဦးမှာပါ။ ကိုယ်တော်လေးဆီ အမှာတော်ပါးလိုရင် မှာပါဘုရား"

နန္ဒယော်ဓာက ရိုသေစွာလျှောက်ထားသည်။

"စံအိမ်တော်ကို ဖိတ်ရင် မမရှိ့မရှိတော့ တင့်တယ်ပါ့စ"

စိတ်တွေ လှုပ်ရှားနေမိသည်။

ရင်ထဲမှာ တဒိန်းဒိန်း ခုန်လာသည်။

"အို မဖိတ်ပါဘူး။ သူ့ကိုဖိတ်မယ့် သူကြွယ်သမီးတွေ ရှိနေမှာပါ။ ဘာဇာကြောင့် ဖိတ်ရမှာလဲ" စိတ်ထဲက တွေးရင်းက-

"မမှာပါဘူးရှင်။ ကျေးဇူးတော်တင်နေပါတယ်လို့ ပြောပေးပါ" ကတုန်ကယင်ဖြင့်ပင် ပြန်ပြောလိုက်မိသည်။

နန္ဒယော်ဓာပြန်သွားမှ စပ်စုလိုတဲ့ နို့မယ်မသိအောင် "အစ်ကိုတော်ဘုရားဆီတင်ဖို့ စာလွှာပါ" ဟု ပြောလိုက်သည်။ စာလွှာအိတ်ကို စာကြည့်ဆောင်မှာ သွားပြီး သိမ်းယောင်ပြလိုက်ကာ စံအိမ်အပြင်ဘက်ဝင်းတော်ထဲသို့ ထွက်လာခဲ့သည်။

နှင်းဆီပန်းရုံနားမှာ ရပ်ပြီးဖတ်ဖို့ ပြင်တော့လည်း စိတ်ကမလုံ။ စံအိမ်တော်နဲ့ ခပ်လှမ်းလှမ်း သော်ကပင်အောက်က ဒန်းပေါ်မှာ ထိုင်ရင်း ရင်ထဲမှာ ကတုန်ကယင်နှင့် ပိုးသားအိတ်ကို မဖွင့်နိုင်ဘဲ ရင်မှာ အသာအပ်ထားမိသည်။

*ဖြန့်ဝန်းစကြာ ဖြူရိပ်သာနှင့်*
*အာကာပျံကြွ ဆဒ္ဒန်ရသား*
*ယင်းကစဉ်ရှည် ကျော်စောသည်တည့်. . .*

mgyoe.com

mgyoe.com SAMPLE BOOK

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

ပုလဲသန္တာနီလာခြယ်နှစ် တင့်ကြောင်းရစ်သို့
ရှင်ချစ်ရှိရာ ပန်းတကာလည်း
ကုံးလာရွှေစက်၊ ထိမ္ပူးဆက်၏ ဘဝင်ရပ်သူ
နတ်လူဝှန်ခြောက် ညွတ်ခရောက်သည်
ကျိုက်ခေါက်ကောင်းကင့် ထွတ်တင်သောဝ်။ ။

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

ခန့်မှန်းသက်သာ ချစ်သည်မှာနှင့်
လွမ်းတာမဝေး ပြည့်မည့်ရေးကား
ကျူးအေးမစ မပြမိုးသား
နည်းများညီစင် မဆင်ခင်ဝယ်
ရှင်ပင်တေဇာ ထွန်းညာဏ်ဝါဖြင့်
မေတ္တာရွှေ့ရှု ဖြည့်တော်မူလော့
ဇမ္ဗူနဒ ဝေပူမြနှင့်
သိင်္ဂတစ်ဝက် သွန်း၍ယှက်သို့
မွက်ညက်ပြာဝင်း သွယ်နွဲ့ရှင်းကို
လူချင်းဝယ်သော် မူးမော်ပန်းရှာ မရသာတည့်
စကြာရွှေ့တည် ရောက်တိုင်းလည်လည်း
နှစ်မည်မပေါက် စံဖြစ်လောက်သည်
ခြောက်ယောက်နှောင်းမြင့် နတ်ပင်လော။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

*"ဇတ္တုနဒ ဝေပူမြနှင့် သိဂ်တစ်ဝက် သွန်း၍ ယှက်သို့*
*မွတ်ညက်ပြာဝင်း သွယ်နွဲ့ရှင်း တဲ့။*
*ပြီးတော့လေ ခြောက်ယောက်နှောင်းမြင့် နတ်ပင်လော တဲ့။*
*သည်လိုအလှဖွဲ့ အချစ်တွေဖွဲ့ခဲ့ပေမယ့်*
*ပူလောင်လှတဲ့ အချစ်*
*အမုန်းတစ်ဝက် နာကျင်မှုတစ်ဝက်သာပါကလား"*

"ထိုအချစ်ဆိုသည်ကို ဘာမှမသိသေးသည့် ကလေးလေးသာဖြစ်လိုက်ချင်ပါရဲ့" သို့သော် နတ်သျှင်ရဲ့ အလှကျက်သရေနှင့် မြင့်ဖုန်းရှိ၏ နှုတ်ခမ်းဖူးဖူးလေးကို အမွေဆက်ခံထားသော သမီးတော်ကလေး။

မြင့်ဖုန်းရှိသည် သမီးတော်လေး၏ မျက်နှာတော်လေးကို ချစ်မဝသောအကြည့်ဖြင့် ခပ်ငေးငေးလေးစိုက်ကြည့်နေမိသည်။ သမီးတော်လေးမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေခဲ့ပြီ။ ကလေးငယ်ကို ခပ်ငေးငေးကြည့်ရင်းကပင် ကလေး၏အားမဲ့သော အဖြစ်က သူ့ကို ရင်နင့်စေသည်။ သူ့ဘွားတော်က သမီးတော်ကလေးကို ဟံသာဝတီစုဖုရား ဝင်စားသည်ဟု ထင်တော်မူနေသော်လည်း မဖြစ်နိုင်ပါ။ မဖြစ်စေလိုပါ။

ကေတုမတီရွှေနန်းထက်က ဘဝကို ပြန်တွေးကြည့်ရင်း ကလေးအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ရွှယ်တူကစားဖော်ကင်းမဲ့မှုကြောင့် ရင်နာရပြန်သည်။

သမီးတော်လေး၏ ဆံစလေးများကို ညင်သာစွာ သပ်ပေးသည်။ သားတော်လတ်ကို သတိရပြန်သည်။ အင်းဝမှာ ဘွားတော်ဦးရီးတော်များနှင့်မို့ စိုးရိမ်စရာမလိုပေမယ့် သူ့လက်အောက်ခံဘဝက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ရန်သူတော်ရဲ့သားဆိုပြီး သတ်များပစ်လေမလား။ ရင်ထဲမှာ ပူလောင်လာသည်။

မြင့်ဖုန်းရှိုက ပင့်သက်ရှိုက်လိုက်သည်။

"နန်းကျဘုရင်ဘဝ၊ အင်းဝရဲ့ ထားရာနေစေရာသွား လက်အောက်ခံဘဝမှာရော သားတော်သမီးတော်တို့ဘဝ လုံခြုံနိုင်ပါ့မလား ခင်ဖုန်းငယ်" ဟု နတ်သျှင် ပြောခဲ့သည်။

"သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး၊ စွန့်မှ တို့သားတော်သမီးတော်တွေအတွက် စိတ်ချရမှာ"

ခင်ဖုန်းငယ်အတွက် ခက်တာက နတ်သျှင်ကို ပုံ၍မယုံရဲတော့ခြင်းပင်။ သည်တစ်ခါ စစ်ရောက်လာလျှင် ဘယ်ပြေးလို့ဘယ်မှာခိုရပါစ။ သန်လျင်သည်ပင် သူငယ်စဉ်က သန်လျင်မဟုတ်တော့။ သန်လျင်သားတို့သည် ဆံလေးတိုဖြတ်ကာ ပေါ်တကေစကား သင်နေကြလေပြီ။ ဇင်ကာကူသည် ဇနီးအသစ်ကလေးပူဆာသဖြင့် ကျိုက်ခေါက်ဘုရားမှ ဌာပနာတော်များကို ဖောက်သည်ဟု ကြားခဲ့ရရာ မြင့်ဖုန်းရှိုပင် မူးချင်မေ့ချင်ဖြစ်လာသည်။ ကျိုက်ခေါက်ဘုရားတိုင် ရတုကိုရေးပြီး ခင်ဖုန်းအတွက် ပေးဆက်နှင်းအပ်ခဲ့သော နတ်သျှင်၊ ဘာသာတရားကို အလေးထားခဲ့သော နတ်သျှင်သည် ဘယ်ဆီသို့ရောက်သွားပြီလဲ။ နာကျည်းစိတ်နှင့် မာန်မာနတွေက နတ်သျှင်၏အသိတရားကို ဖုံးလွှမ်းခဲ့ပြီလား။ ဟုတ်ပါသည်။ ငယ်စဉ်က မြတ်နိုးစိတ် ချစ်စိတ်အပြည့်နှင့်မို့ နတ်သျှင်၏ ကိုယ်လုပ်တော်ငယ်ဘဝမှာ ကျေနပ်နိုင်ခဲ့သော်လည်း ဟံသာဝတီအိမ်ရှေ့မိဖုရားဟောင်းကြောင့် သူ့အပေါ် ကြင်နာစိတ်ကင်းမဲ့သွားခဲ့ပုံတွေ တွေးမိပြန်တော့ ရင်ထဲမှာ မွန်းကျပ်လာသည်။

သားတော်ကြီးကို မွေးဖွားပြီးနောက် သူ့ဘဝတစ်ခုလုံး သားအပေါ် ပုံပြီး ဖြေသိမ့်ခဲ့ရပုံ၊ နတ်သျှင် မြတ်နိုးစုံမက်ခဲ့သူ ရာဇဓာတုကလျာကို မမုန်းသည့်တိုင် ဟံသာဝတီအိမ်ရှေ့စံ၏ အိမ်ရှေ့မိဖုရားဟောင်းနှင့် အိမ်ရှေ့စံတို့ လင်မယားကြားပြဿနာမှ အင်းဝနှင့် ဟံသာဝတီတို့ စစ်ပွဲကြီးဖြစ်ခဲ့ရပုံကြောင့် စစ်မီးမွေးသူအဖြစ်နှင့် မကြည်ညိုနိုင်ဘဲ သူတစ်ပါးလင်တွေကို ဘာကြောင့် လိုချင်ရပါသလဲဟုသာ မေးလိုက်ချင်ပါသည်။ ရာဇဓာတုကလျာကြောင့်ပဲ အင်းဝနှင့် ဟံသာဝတီတိုင်းပြည်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ခုလုံး ပျက်စေခဲ့ပြီ။ မြင့်ဖုန်းရှိ၏ နှလုံးသားကိုလည်း ခွဲပြီးယူငင်သွားခဲ့ပါပြီ။ သားတော်လေးနှစ်ပါးနှင့် သမီးတော်ကို ငဲ့ပြီးသာ ကေတုမတီရွှေနန်းမှာ မပျော်နိုင်ဘဲ စံခဲ့ရသည်။ ဩော် ဟိုစဉ်က မဟုတ်မခံ ပြောစရာရှိလျှင် ပြောတတ်ခဲ့ပြီး လူမှုရေးဆိုတာ နားမလည်ခဲ့သည့်ဘဝကိုသာ ပြန်လိုချင်မိပါတော့။ ကလေးတို့သာမရှိလျှင် ကေတုမတီ အရှေ့ဘက်က မြင်ပုန်းမြင်တင်တောင်တို့ကို ကျော်ကာ ကရင်နီတို့နယ်က ဂူတွေထဲမှာသာ တောပုန်းမလေးအဖြစ် သွားပြီးပုန်းနေလိုက်ချင်ပါရဲ့။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၆)

နတ်သျှင်အဖို့ မယ်မယ်ကို သတိရနေသည်။

ရီဝေရာမှ အတန်ငယ်ပြေပျောက်သွားသလို ရှိရသည်။

မယ်မယ်နှင့် သူကြား နားလည်မှုမှာ ဖခမည်းတော်နှင့်ပင် မတူလေ။ သားတော်ကြီးမို့ အားကိုးသလို သားတော်၏ဆန္ဒများကိုလည်း မြောက်သားတော် (ခင်ပွန်းသည်)၏ စိတ်အငြိုအငြင်ခံပြီး ဖြည့်ဆည်းပေးခဲ့သူ။

လေသာပြတင်းမှ လေညင်းတစ်သုတ်ဝင်လာသည်။

အိပ်ဖန်စောင့်နေသည့် လက်စွဲတော် နန္ဒယော်ဓာက နတ်သျှင်အခေါ်တော်ရှိလျှင် အဆင်သင့်ဖြစ်ဖို့ စောင့်ကြည့်နေသည်။

နတ်သျှင်မှာ ပေါ်တကေကုန်သည်ကြီး ဆက်သသည့် စာရွက်များကို ပွတ်သပ်ကြည့်နေသည်။

စားပွဲငယ်ပေါ်မှ ကလောင်တံကို လှမ်းယူလိုက်သည်။

နန္ဒယော်ဓာအဖို့ နတ်သျှင်ကိုကြည့်ရင်း တောင်ငူနှင့် သန်လျင်စစ်ပွဲမှာ ပျောက်ဆုံးခဲ့ရသော သားလေးကို သတိရနေသည်။ နတ်သျှင်ကိုယ်တော်တိုင် စုံစမ်းပေးခဲ့သော်လည်း မထူးခြားခဲ့။ သူ၏ဇနီးမှာ အစ်မတော် မြင့်ဖုန်းရှိကြောင့်သာ သန်လျင်သို့ အတူပါလာခဲ့သည်။ ယခုလည်း နတ်သျှင်ကိုယ်တော်ကို ထပ်မံမပြောရဲသဖြင့် အစ်မတော်ကိုပဲ ဇနီးကို အပြောခိုင်းထားရသည်။ သခင်မမြင့်ဖုန်း

mgyoe.com

mgyoe.com SAMPLE BOOK

ရှိကို ငယ်စဉ်နတ်သျှင်ကိုယ်တော် မင်းသားဘဝကပင် သိကျွမ်းခဲ့ရာ သူတို့ကို အစ်မတော်ရင်းသဖွယ် စောင့်ရှောက်ခဲ့သူဖြစ်သည်။ သား၏သတင်းကို စုံစမ်း၍ မရသည်မို့ မုတ္တမတပ်တော်မှပင် ဖမ်းသွားခဲ့လေသလား။ အချို့သောလူငယ်များကို ဆံတိုဖြတ်ပြီး တပ်တော်မှာ အမှုထမ်းစေကြောင်း ကြားခဲ့၍ပင်။ အမှန်မှာ သားလေးသည် ကိုရင်လေးဘဝဖြင့် နန်းဦးဆရာတော် ကျောင်းမှာ ပညာသင်ဆဲဖြစ်သည်။ ကိုရင်ငယ် ပဥ္စင်းပျို့တွေကို လူဝတ်လဲစေပြီး ခဲယမ်းသေတ္တာတွေ သယ်စေသတဲ့ ဆိုလား။

နန္ဒယော်ဓာသည် ဆောင်ဓားကိုကိုင်ကာ ခပ်တောင့်တောင့်ဟန်မပျက် ရပ်နေသော်လည်း အသည်းနှလုံးထဲမှာ ဗလောင်ဆူချေပြီ။

ဝင်းတော်တွင်းမှ ပေါ်တကေ ကိုယ်ရံတော်အိမ်တော်စောင့်တပ်စုသည် ဝင်းတော်တွင်း လှည့်လည် ကင်းလှည့်နေသည့်မီးရောင်များကို မြင်ရသည်။ ပေါ်တကေတို့ကို နန္ဒယော်ဓာ ဘယ်သောအခါမှ မနှစ်မြို့ခဲ့။

ပေါ်တကေတို့သည် အမှန်ပင် နတ်သျှင်အတွက် စိုးရိမ်သဖြင့် ကင်းများ ချထားသလား။ သို့မဟုတ်လျှင် ကိုယ်တော်ကို အကျယ်ချုပ်သဘောနှင့်များ သာကလောက် အစောင့်အနေချထားလေသလား။

နန္ဒယော်ဓာ တွေးနေမိသည်။ နတ်သျှင်ကတော့ ထိုညအဖို့ အိပ်စက်ခြင်း မပြုလို့။ အိပ်စက်မရနိုင်သည့် ညတွေက များလှပါပြီ။

ကိုယ်တော်၏ ဝါဝင်းတင့်တယ်ခဲ့သော ကိုယ်သားကိုယ်ရေပင် လျော့ရည်းလျက်။

စာရွက်ကို စားပွဲပေါ်မှာ ဖြန့်ကာ ကလောင်ကို မင်ခွက်မှာတို့ရင်း အင်းဝတပ်များချီလာလျှင် ကြည်းတပ်ရေတပ်အင်အားကို မည်သို့ဖြန့်ဝေပြီး သန်လျင်ကို ဝန်းရံမှာလည်း ခန့်မှန်းရေးဆွဲကြည့်နေသည်။

အင်းဝချီလာမည့်လမ်းကို ခန့်မှန်းရန် မခက်ပါ။

၉၆၄ ခုနှစ် ရခိုင်ဘုရင် မင်းရာဇာကြီးကို သန်လျင်စားငဇင်ကာ ပုန်ကန်ခြားနားခဲ့စဉ်က တောင်ငူမှ သန်လျင်သို့ သူချီခဲ့လေရာလမ်းအတိုင်း လာချေမည်။ ထိုစဉ်က ရခိုင်ဘုရင့်သားတော် မင်းခမောင်းသာ တောင်ငူကြည်းတပ်ကို စောင့်ပြီးမှ တိုက်ခဲ့လျှင် ရာဇဝင်သည် တစ်မျိုးတစ်ဖုံ ဖြစ်ချေလိမ့်မည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၇)

ထိုစဉ်က ခမည်းတော် တောင်ငူရွှေနန်းရှင်ထံသို့ ဖိလစ်(ဇင်ကာကူ)ကို သန်လျင်တွင် အစောင့်အနေချထားဖို့ ရခိုင်ပြည့်ရှင် မင်းရာဇာကြီးက စာလွှာ စေခဲ့သည်။ ဟံသာဝတီထီးနန်းကို အတူတကွလုပ်ကြံခဲ့ကြသည့် မဟာမိတ်များဖြစ်သည့်ပြင် ယခုအခါ ဟံသာဝတီရွှေနန်းရှင်၏ သမီးတော် ရှင်ထွေးနှောင်းနှင့် လက်ဆက်ထားသော မင်းရာဇာကိုယ်တော်ကြီးမှာ ခမည်းတော်၏ တူတော်တစ်ပါးဖြစ်နေချေပြီ။ ဖိလစ်ကို ရခိုင်တပ်မှူးနှင့် တွဲလျက် စစ်ရေးအချက်အချာကျသည့် သန်လျင်မှာ အစောင့်အနေထားမည့် အစီအစဉ်ကို ခမည်းတော်က မကန့်ကွက်ခဲ့။ ထိုစဉ်က နတ်သျှင်နှင့် ဘထွေးတော်က ကန့်ကွက်ခဲ့သော်လည်း ရခိုင်ဘုရင်၏ စိတ်ပြုပြင်မှာကို စိုးရိမ်ခဲ့သော ခမည်းတော်ကြောင့် လိုက်နာခဲ့ရသည်။

သည်တုန်းက နတ်သျှင်က-

"ရခိုင်အိမ်ရှေ့စံမင်းခမောင်းက ပြောဖူးပါတယ်ဘုရား။ ဘင်္ဂလားနယ် သောင်ထီးကျွန်းမှာ ပေါ်တကေလူသွမ်းတွေ အုပ်ချုပ်ပြီး လူတွေဖမ်း ကျွန်တွေလုပ် အရောင်းအဝယ်ပြုပါသတဲ့ဘုရား။ ရုံးတစ်လုံး ဓားတစ်စင်းဆိုသလို အာဏာပိုင်စိုးသွားခဲ့ရင်"

ခမည်းတော်က သူ၏စကားကို ဆုံးအောင်ပင် အတင်မခံခဲ့။

"တန်ပါသားတော်၊ ဇင်ကာကူဟာ သားတို့နှင့်လည်း ကျွမ်းဝင်ပြီးသားပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကောင်းနှလုံးကောင်းရှိပြီး လူချစ်လူခင်ပေါတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုး တစ်ယောက်ပဲ ဆိုသမို့လား။ ဒီလောက်တော့လည်း မရမ်းကားတန်ပါဘူး။ ပြီးတော့ ရခိုင်တပ်မှူးလည်း ရှိနေတာပဲ။ တစ်စုံတစ်ရာ ဖောက်ဖောက်ပြန်ပြန် ဖြစ်လာရင်လည်း ရခိုင်နဲ့ တောင်ငူအားတော်နဲ့ နှိမ်နင်းပစ်လိုက်ရုံပဲ။ ဇင်ကာကူဆိုတာ ဟံသာဝတီကို လုပ်ကြံစဉ် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်ကြိုးပမ်းခဲ့ပြီး ပွဲလမ်းရခဲ့သည့် မင်းရာဇာကြီးရဲ့ ကျွန်ယုံပေပဲ"

နတ်သျှင်မှာဆက်ပြီး မလျှောက်တင်သာတော့။

ဘထွေးတော်များဆက်ပြီး လျှောက်တင်လေမလား ကြည့်လိုက်တော့ စဉ်းစားနေဟန်ပဲ တွေ့ရပြီး သူ့ဘက်လှည့်ကာ ဆက်မပြောရန် မျက်ရိပ်ပြလိုက်သည်။

ခမည်းတော်နှင့် နတ်သျှင်ကြားတွင် မကြာခဏ စိတ်သဘောထား မတိုက်ဆိုင်မှုများကို ကြုံတွေ့နေရသည်။ ဟံသာဝတီရွှေနန်းကို လုပ်ကြံကြဆဲ ဟံသာဝတီ အိမ်ရှေ့စံမင်းရဲကျော်စွာက သတ္တိကြောင်စွာဖြင့် တောင်ငူဘက်သို့ ခိုဝင်လာဖို့ ကြိုးစားခဲ့သည်။ ခမည်းတော်က ထိုမင်းသားကို တောင်ငူတပ်တော်သို့ ခိုဝင်လာလျှင် သမီးတော်နှင့် လက်ဆက်စေပြီး သူကောင်းပြုကောင်းမွန်စွာ ထားမယ်ဟု ကတိတွေ ပေးခဲ့လိုက်သည်။ မင်းရဲကျော်စွာက မူးယစ်ရမ်းကား နိုင့်ထက်စီးနင်း လုပ်တတ်သူမို့ သူ့ကိုယ်ရံတော်တွေကပင် သူ့ကိုမစောင့်ရှောက်ဘဲ ပစ်ပယ် ထွက်ပြေးသွားခံခဲ့ရသူ။ အိမ်ရှေ့စံဘဝ အာဏာယစ်မူးပြီး မလုပ်သင့်တာတွေ လုပ်ခဲ့သည့် သည်လိုမင်းသားပျက် အသက်ဆက်ရှင်လျှင် မြေပထဝီပင် ဝန်လေးရချည့်။

မွန်တို့၏ လယ်များကို အတင်းအဓမ္မသိမ်းခဲ့ပြီး အိမ်ရှေ့စံ၏ လယ်တွေ အဖြစ် သတ်မှတ်ခဲ့ခြင်းနှင့် အမရပူရတစ်ခွင်နှင့် ကျော်စဉ်တန်းက လူများကို ဟံသာဝတီနေပြည်တော်သို့ အတင်းအကျပ် ခေါ်ဆောင်လာခဲ့သူ။ သူများ မျက်ရည်ပေါက်ကြီးငယ်ကျမှ အိပ်ပျော်စားဝင်ပြီး မလုပ်ထိုက်မလုပ်ကောင်းတာတွေ လုပ်ခဲ့ပြီး ကိုယ်ရေးကြုံတော့ ဖခင်ဟံသာဝတီရွှေနန်းရှင်ကိုပင် သစ္စာမစောင့်ခဲ့သူ။ သည်လိုလူစားအား အသက်ရှင်ခွင့်ပေးလျှင် တိုင်းပြည်မှာ နစ်နာရုံပဲရှိရမည်။ နတ်သျှင်က ဖမ်းဆီးချုပ်နှောင်ထားဖို့ အကြံပေးသည်ကိုပင် ဖဘုရားက မင်းမှာသစ္စာ ကတိတည်ရတယ်ဟု ပြောခဲ့သည်။ စစ်မြေပြင်မှာ သတ္တိရှင် တူတော်မောင် သွေးကြောင်မှာစိုးသဖြင့် တောင်ငူသို့ ပို့ထားခဲ့သည်။ နတ်သျှင်က မယ်မယ်ထံ စာလွှာစေပြီး လုပ်ကြံစေခဲ့ရသည်။ နတ်သျှင်ရဲ့ဓားတွင် လူယုတ်မာ၏သွေးတို့ မစွန်းစေလိုပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

မရှောင်လွှဲသာ၍ပါ။ ထိုအတွက် ခမည်းတော်က ပစ်ပစ်ခါခါ နှုတ်ပစ်တင်ခဲ့သည်။

ယခုတစ်ဖန် ရခိုင်ဘုရင်က စေလာသည့် ပေါ်တကေငဇင်ကာကို သန်လျင်တွင် မြို့စားပေးသည့်အရေးကို အလွယ်တကူ ကြည်ဖြူနေခဲ့ပြီ။ သန်လျင်ဆိုတာက ပဲခူးမြစ် လှိုင်မြစ် ပင်လယ်ဝအချက်အချာနေရာ။ ပုသိမ် မုတ္တမ ဒလစသည့် ဆိပ်ကမ်းများနှင့် ဆက်စပ်နေရာ သင်္ဘောကုန်စည် အဝင်အထွက်နေရာ။ ယုံကြည်ရလျှင် တော်ရဲ့ မယုံရလျှင်. . . ။

နတ်သျှင် လျှောက်ထားသမျှ ခမည်းတော်က အလေးမမူခဲ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၈)

နတ်သျှင်သည် အိပ်ပျက်ထား၍ မျက်လုံးများ ဖန်စပ်နီရဲနေသော်လည်း နန္ဒယော်ဓာနှင့် နောက်တော်ပါအချို့ကို ခေါ်ကာ ပေါ်တကေ ဖိလစ်ဒီဘရစ်တိုနှင့် ချိန်းထားရာ အကောက်ဆိပ်သို့ မြင်းကိုယ်စီဖြင့် ထွက်လာခဲ့သည်။

နေက ကျဲကျဲပူလာခဲ့ပြီ။

မြင်းများမှာ ဥရောပ မြင်းမျိုးကောင်းမျိုးသန့်များနှင့် တောင်ငူမှ မြင်းမျိုးသန့်တို့ သားစပ်ရာမှ ပေါက်ဖွားလာသည့် မြင်းများဖြစ်ရာ ခြေဆန်လက်ဆန်ကောင်းပြီး ထွားကျိုင်းသန်မာလှသည်။ နတ်သျှင်သည် အုန်းခွံရောင် နတ်စက်အမည်ရှိ မြင်းကို စီးကာ ခပ်သွက်သွက် နှင်လာခဲ့သည်။ နတ်သျှင်၏ ခါးတွင် ပြောင်းတိုရွှေသေနတ်တစ်လက်ကို ပတ္တမြားကျောက်စီခါးပတ်တွင် ချိတ်ထားသည်။ ကျောတွင် ပတ္တမြားကျောက်စီဓားအိမ်နှင့် သီလဝံဓားကို လွယ်ထားသည်။ သူ၏ခံ့ညား၍ ကျက်သရေရှိသော မျက်နှာတော်ကမူ နေရောင်အောက်တွင် အတန်ငယ် နွမ်းနေသည်။ နန္ဒယော်ဓာက နတ်သျှင်၏နောက်မှာ ဖောင်းဝတ်ရောင်မြင်းကို စီးကာ ပြောင်းရှည်သေနတ်ကို ပခုံးမှာလွယ်လျက် လက်စွဲတော်ဓားကို ကျောမှာ လွယ်ထားသည်။ နန္ဒယော်ဓာ၏နောက်တွင် သန်လျက်ရောက်မှ ကိုယ်ရံတော်အဖွဲ့တွင် လာပူးပေါင်းစေသော တောင်ငူပါ သေနတ်အစုသား ၅ ဦးကို မြင်းကိုယ်စီ ဆောင်ဓား ကိုယ်စီသေနတ်ကိုယ်စီနှင့် တွေ့ရပြီး ယင်းနောက်မှ ပေါ်တကေကိုယ်ရံတော်

mgyoe.com

mgyoe.com SAMPLE BOOK

တပ်ဖွဲ့လည်း မြင်းကိုယ်စီ သေနတ်လက်နက်ကိုယ်စီဖြင့် တွေ့ရသည်။

အကောက်ဆိပ်ကမ်းမှာ ရေဆိပ်အထိ ကျောက်ခင်းထားရာ မြင်းခွာနှင့် ကျောက်လမ်းထိသံ တခွပ်ခွပ် ကြားနေရသည်။ နတ်စက်သည် နတ်သျှင်၏ အချစ်တော် မြင်းကောင်းမြင်းသန့် တစ်စီးဖြစ်ပြီး တောင်ငူတုန်းက ဂူလီသဘင်ဆင်နွှဲတိုင်း နတ်သျှင်စီးနေကျမြင်းဖြစ်သည်။ တောင်ငူသို့ သန်လျင်မှ စစ်မရောက်မီ ၂ ညက မြင်းဇောင်းတော်ထဲမှ မြင်းများ မငြိမ်မသက် ဖြစ်ခဲ့ပုံကို နန္ဒယော်ဓာ သတိရနေသည်။ စက်မီးအမြောက် ကျရောက်ပေါက်ကွဲသဖြင့် ဇောင်းထဲမှ မြင်းတော်တော်များများ သေဆုံးခဲ့ရသည်။ ယခုတော့ ပေါ်တကေတို့နှင့် မြင်းချင်းယှဉ်လျက် နတ်သျှင်၏ အသက်တော်ကို ကာကွယ်နေရပြန်ချေပြီ။ အရှင်နှင့် ကျွန်မို့သာ နို့မို့ဖြင့် . . .

"သင်းတို့ကို ယုံတော်မမူပါနဲ့ ဘုရား" လို့ အော်ပစ်လိုက်ချင်သည်။ နန္ဒယော်ဓာမှာ အတွေးများကြောင့် မျက်နှာက တင်းမာမှုန်မှိုင်းနေသည်။

အကောက်ဆိပ်သို့ မရောက်မီမှာပင် မြင်းကိုယ်စီဖြင့် မျက်နှာချင်းဆိုင် လမ်းကွေ့လေးမှ ထွက်ပေါ်လာသော ပေါ်တကေအုပ်စုကို တွေ့ရသည်။ ဖိလစ်ဦးဆောင်သော အစုပင်။ အချင်းချင်းအပြန်အလှန် အလေးပြုကြပြီး နတ်သျှင်နှင့် ဖိလစ်က မြင်းချင်းယှဉ်စီးလာသည်။ ထိုအုပ်စုနောက်မှ ဝေါယာဉ်ပေါ်တွင် ဖိလစ်၏ ဇနီးကို အထိန်းအခြွေအရံများ သေနတ်မီးပေါက်ကိုင် ကိုယ်ရံတော်များနှင့် တွေ့ရသည်။

အကောက်ဆိပ်တွင် ရွက်သင်္ဘောတို့ အစီအရီရပ်လျက် ပေါ်တကေသင်္ဘောတို့မှာ ကုန်တွေတင်ဆဲဖြစ်သည်။ ဖိလစ်နှင့် နတ်သျှင်ရောက်လာသဖြင့် အကောက်ဆိပ်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ဖိလစ်၏ ကိုယ်ရံတော် သားတစ်ယောက်က-

"ဘုန်းတော်ကြီးမြတ်သော ဖိလစ်သခင်ကြီးဘုရားနဲ့ ကေတုမတီရွှေနန်းရှင် ကြွချီတော်မူလာပြီ"

ပေါ်တကေဘာသာဖြင့် အော်လိုက်သည်။

လုပ်လက်စအလုပ်အသီးသီးကို ရပ်လျက် ဦးညွှတ်ကြသည်။ ဆက်၍ ငြိမ်သက်စွာရပ်နေကြသည်။ အကောက်ဝန်မှာ နောက်ပါများနှင့် ပျာပျာသလဲ ရောက်ရှိ အလေးပြုလာသည်။ သင်္ဘောကပ္ပတိန်များလည်း ရောက်ရှိလာသည်။

သင်္ဘောဆိပ်တွင် ဆိပ်ခံတံတားပေါ်၌ ဂိုအာသို့ပို့ဆောင်သည့် ဇရာမမုတ္တမအိုးကြီးများကို တွေ့ရသည်။ အိုးများမှစဥ့်ရောင်မှာ နေရောင်တွင် ပြောင်လက်

mgyoe.com

mgyoe.com SAMPLE BOOK

နေသည်။ ထိုအိုးတို့တွင် သင်္ဘောအတွက် ရေချိုများနှင့် ချိတ်များ အင်တွဲများပါ ထည့်ထားလေသည်။ နတ်သျှင်က အကောက်ဝန်နှင့် ဖိလစ်တို့ ပေါ်တကေဘာသာဖြင့် မေးမြန်းပြောဆိုနေကြပုံကို ဘေးမှကြည့်နေသည်။ သူသည် ရိပ်ဖမ်းသံဖမ်းနားလည်ဟန်ဖြင့် ပြုံးနေသည်။

ဖိလစ်က မုတ္တမအိုးကြီးများထဲတွင် ကုန်စည်သာမက ပေါ်တကေပြန်တို့၏ ကြင်ယာများပါ သို့ဝှက်ခေါ်ဆောင်သွားလေသလား သေသေချာချာ စစ်ဆေးဖို့ အကောက်ဝန်ကို နောက်ပြောင်နေခြင်းဖြစ်သည်။ ဟံသာဝတီရွှေနန်းရှင်လက်ထက်က သည်လိုအဖြစ်မျိုးတွေ ဖြစ်လေ့ရှိသည်။

ယခုအခါ ဗရင်ဂျီဘာသာသို့ ကူးပြောင်းယူသူ ကြင်ယာများကို တရားဝင်လက်ဆက်ပြီး ခေါ်ဆောင်သွားခွင့်ပြုထားရာ ကမ္ဘာသစ်ကိုကြည့်လိုသူ လုံမတချို့မှာ သင်္ဘောပါ ကုန်စည်တစ်မျိုးအဖြစ် ပေါ်တကေပိုင် ဂိုအာနှင့် မကာအိုသို့ လိုက် ပါသွားကြသည်။

ဝေါ်ပေါ်မှ လွီဇာဆင်းလာပြီး နတ်သျှင်ကို လေးလေးစားစား နှုတ်ဆက်ကာ ဖိလစ်က လက်ကမ်းကြိုသည်ကို လှမ်းလင့်လိုက်သည်။ အကောက်ဝန်နှင့် ကပ္ပတိန်တို့အား ဇနီးနှင့် မိတ်ဆက်ပေးရာ လေးစားစွာ အရိုအသေ ပြုလိုက်ကြသည်။

ဖိလစ်က လွီဇာလိုက်ပါမည့် ရွက်သင်္ဘောမှ ပေါ်တကေ ကပ္ပတိန်ကို လွီဇာအား စောင့်ရှောက်ဖို့ အပ်နှံနေသည်။

လွီဇာသည် ဖိလစ်ကို မခွဲလိုသော မျက်နှာဖြင့် ကြည့်လိုက်သည်။

ဖိလစ်က ကြင်နာဟန်ဖြင့် ပြန်ကြည့်သည်။ ဖိလစ်က သက်ပြင်းရှိုက်လိုက်ပြီးမှ ပြုံးရယ်ကာ-

"တို့တစ်တွေရဲ့ ကံကြမ္မာဟာ နှမလေးရဲ့ ကြံရည်ဖန်ရည်မှာ တည်နေပါတယ်လေ"

"စိတ်ချပါမောင် အစွမ်းကုန်ကြိုးစားမှာပါ"

လွီဇာမှာ ဖခင်ပေါ်တကေ သွေးတစ်ဝက်၊ ဂျာဗားကျွန်းသူ မိခင်သွေးတစ်ဝက်ဖြစ်ရာ အသားအရောင်က ပျားရည်ရောင် ဆံပင်တွန့်တွန့်ကို ကျစ်ဆံကျစ်ပြီး ဦးထိပ်မှာ ခွေထားကာ ထိုဆံပင်ပေါ်မှာ ပုလဲနက်နှင့် စိန်ရတနာတွေ စီထားသည်။

မျက်လုံးတွေက ပင်လယ်ရေလို စိမ်းနေသည်။ ပျို့ရွယ်မှုကို ဖော်ပြသည့် ထွားကျိုင်းဖွံ့ဖြိုးသော ခန္ဓာကိုယ်ကြောင့် အချောအလှကြီးမဟုတ်သည့်တိုင် ပုရိသ

mgyoe.com

mgyoe.com SAMPLE BOOK

တို့ကို ဆွဲဆောင်နိုင်အားအပြည့်ရှိနေသည်။ ဂိုအာဘုရင်ခံ၏ တူမဟူသော ဂုဏ်က လည်း ဖိလစ်အဖို့ တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်နေခဲ့သည်။

ဂိုအာဘုရင်ခံထံသို့ လက်နက်နှင့် စစ်ကူပေးဖို့ စာပို့ထားရာ အကြောင်း ပြန်ကြားမှုမရှိဘဲ ကြန့်ကြာနေသဖြင့် လွိဇာကို စေလွှတ်ရခြင်းပင်။

အကောက်ဝန်က ဧည့်ခံလိုသဖြင့် သူ၏ခံတပ်သဖွယ် တည်ဆောက်ထား သော ရုံးအဆောက်အအုံသို့ လျှောက်လာခဲ့ကြသည်။ အကောက်ဝန်၏ လူများ အသင့်ပြင်ထားသော ယမကာများ စပျစ်သီးခြောက်များ စွန်ပလွံယိုနှင့် သီးနှံစားဖွယ် များကို တစ်မျိုးပြီးတစ်မျိုး ဆက်သနေသည်။ နေ့ခင်း ဒီအကျနှင့်အတူ သင်္ဘောများ ထွက်ခွာကြရမှာဖြစ်သည်။

ဂိုအာဘုရင်ခံထံ ဆက်သမည့် လက်ဆောင်တော် သေတ္တာများမှာ ဧရာမ လက်ကိုင်ကွင်းကြီးများနှင့် ထုထဲလှသည့် သံထည်ကြေးထည်သေတ္တာများတည်း။ ထိုအထဲတွင် တောင်ငူနှင့် ဟံသာဝတီဝန်းကျင် ဘုရားပုထိုးများမှ ဌာပနာတော်ရတနာ များနှင့် စစ်ပွဲများမှ လုယက်ရရှိခဲ့သည့် ကျောက်မျက်ရတနာများ ပါဝင်လေသည်။

နန္ဒယော်ဓာက ပေါ်တဂေစစ်သည်တစ်ဦးကို

"သခင်မ ယူသွားမှာ ဘဏ္ဍာတွေလည်းဗျ။ လက်ဆောင်တော်တွေ ဆိုသ ဟာ" မေးလိုက်သည်။

ပေါ်တဂေ ကိုယ်ရံတော်က

"ရတနာတွေထင်ပ့ါ၊ ချိတ်နဲ့ အင်တွဲလောက်နဲ့တော့ လက်နက်နဲ့လဲမ လား မောင်ရင်"

နန္ဒယော်ဓာက "ငါတော့ အသူရကယ်ဘုံကို အရှင်လတ်လတ် ရောက်နေ ပြီ ထင်ပါရဲ့" သက်ပြင်းရှိုက်လိုက်သည်။

စားသောက်ပြီးကြ၍ ကျောက်ဆူးနုတ်ကာ ဆိပ်ကမ်းမှ ထွက်ခွာဖို့ အသင့် ဖြစ်နေသော ရွက်သင်္ဘောပေါ် မတက်မီ လွိဇာသခင်မက ဖိလစ်ကို နမ်းစုပ်နှုတ် ဆက်ကာ နတ်သျှင်ကိုယ်တော်ကို ပိုက်ပွေ့ကာ ပါးချင်းအပ် နှုတ်ဆက်လိုက်ရာ နန္ဒယော်ဓာခမျာ ရင်တွေပန်းတွေ တုန်သွားရသည်။

သူ့သခင် နတ်သျှင်ကိုယ်တော်ကား မျက်ရည်တော်သီသီဝေ့လျက် ကျန် ခဲ့လေသတည်း။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## (၉)

မြင့်ဖုန်းရှိအဖို့ နန္ဒယော်ဓာ၏ဇနီးကို နှစ်သိမ့်အားပေးနေသော်လည်း မရေရာမှုများကို သူကိုယ်တိုင်ခံစားနေရသည်။ တွေးရုံဖြင့် ရင်ထဲမှာ နင့်နေသည်။ နတ်သျှင်နှင့် မြင့်ဖုန်းရှိလက်ဆက်ပြီးမှ သူတို့ကို လက်ထပ်ပေးခဲ့ရာ နန္ဒယော်ဓာ၏ဇနီးမှာ မြင့်ဖုန်းရှိ၏ လက်စွဲဖြစ်လာခဲ့သည်။ နတ်သျှင် ကေတုမတီတောင်ငူထီးနန်းကို ရရှိသည့်အခါ နန္ဒယော်ဓာကို လက်ဝဲဝင်းမှူးရာထူးနှင့် သူ့ဇနီးကို အပျိုတော်ကြီးအဖြစ် ညောင်ပင်သာရွာကို စားစေခဲ့သည်။ မြင့်ဖုန်းရှိနှင့် ကိုယ်လုပ်တော် နှစ်ပါးကို ကျေးရွာစားပေးခဲ့သော်လည်း မည်သူ့ကိုမျှ မိဖုရားမမြှောက်တင်ခဲ့။ မြင့်ဖုန်းရှိ အရှက်သည်းခဲ့ရသည်။ သားနှစ်ယောက် သမီးတစ်ယောက်ရရှိပြီး ဖြစ်သည့်တိုင် နတ်သျှင်သည်။ သူ့ကိုချစ်ခင်စွဲလမ်းမှု မရှိခဲ့ပါတကား။ အံ့သြဝမ်းနည်းခဲ့ရသည်။ သူကိုယ်တိုင်ပင် ဘုရင့်နောင်မင်းတရားကြီး၏ ရင်သွေးတော်တစ်ပါး မဟုတ်ပါလား။ ဘာကြောင့်များ ရာဇဓာတုကလျာ သေဆုံးသွားသည့်တိုင် သူ့ကို နေရာမပေးနိုင်ရပါသနည်း။ သူ့အတွက်ထက် သားတော်သမီးတော်များအတွက် ပိုလို့မကျေနပ်ခဲ့။

သက္ကရာဇ် ၉၆၂ ဟံသာဝတီကို ကေတုမတီနှင့် ရခိုင်က အောင်မြင်ပြီးနောက် ကေတုမတီကို ယိုးဒယားတို့ ဝိုင်းဝန်းလုပ်ကြံကြစဉ်က ဖြစ်သည်။ မြို့ရိုးထိပ်မှ အမြောက်မြတပူတို့ အသံများက တစ်မြို့လုံးဟိန်းနေသည်။ မြို့သူမြို့သား

mgyoe.com

တို့မှာ ယိုးဒယားတို့ ပစ်လွှတ်သည့် အမြောက်ဆံများ မီးမြားတို့ကြားမှပင် မြို့ကို ကာကွယ်ဖို့ ယမ်းများထုထောင်းပေးရခြင်း၊ မြို့ရိုးထိပ်မှနေပြီး အောက်မှတက်လာသည့် ရန်သူကို ငရုပ်ရည် ပွက်ညက်ရည်တို့ဖြင့် သွန်းလောင်းကြခြင်း၊ မြင်းသည်ရဲမက်တော်တို့က ကြောက်ခမန်းလိလိ ညာသံပေးပြီး မြင်းများကို ဒုန်းစိုင်းကာ ရန်သူကိုထွက်၍ သေနတ်တစ်ကမ်း ရင်ဆိုင်တိုက်ခိုက်ကြခြင်းဖြင့် တစ်မြို့လုံး သည်းသည်းရုတ်ရုတ် ဖြစ်နေကြချိန်ဖြစ်သည်။

ထိုအချိန်မှာ မြင့်ဖုန်းရှိနှင့် ကိုယ်လုပ်တော်များလည်း မြို့ကိုစွန့်ခွာဖို့ အရေးကြုံလာပါက သယ်ယူကြရမည့် နန်းစဉ်ရတနာများ စာရင်းပြုစုခြင်း သိမ်းဆည်းဖို့ တာဝန်ခွဲပေးခြင်း၊ အရေးကြီးစာချုပ်တော်များ မှတ်တမ်းမှတ်ရာများကို နန်းတွင်းသူများ မှူးမတ်ကတော်မယားများနှင့် လျှို့ဝှက်နေရာများသို့ ပို့ဆောင်ကြခြင်းဖြင့် စိတ်ရောကိုယ်ပါ မနားနိုင် ဖြစ်ကြချိန်ဖြစ်သည်။

သည်လိုအချိန်မှာ အမြောက်မြတပူတို့ ရန်ကြောင့် ဆီမီးမှိန်မှိန်ထွန်းထားသည့် နန်းဆောင်သို့ ကိုယ်ရံတော်များရံလျက် မြင်းဖြင့် နတ်သျှင် ကြွလာခဲ့သည်။ မြင့်ဖုန်းရှိရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။

ခန်းဆောင်ထဲသို့ နတ်သျှင် ဝင်လာခဲ့ပြီး ပြားဝပ်ဦးချနေကြသည့် မိန်းမသူများကို ကြည့်သည်။ ခင်ဖုန်းကို ပြုံး၍ကြည့်ရင်း-

"ခင်ဖုန်းငယ်နှင့် နှမတော်ကြီးများ ပင်ပန်းနေကြပြီ"

ခင်ဖုန်းမှာ နတ်သျှင်ကို စစ်ပွဲကာလတလျှောက် မြင်တွေ့ခွင့်မရခဲ့။ နတ်သျှင်၏ နှစ်သိမ့်သံကြောင့် ရင်တွေတသိမ့်သိမ့်ခုန်သွားရသည်။ အသံသြဇာနှင့်ပြည့်စုံသော မောင်တော့်အသံ ကြင်နာမှုရောစွက်သော အကြည့်တို့ကြောင့်-

"မပင်ပန်းပေါင်ဘုရား၊ မောင်တော်တို့သာ စစ်မြေပြင်မှာ ပိုလို့ ပင်ပန်းမှာပါ"

"အင်း စစ်ရေးကတော့ ယောကျ်ားသားတို့ တာဝန်ပေပဲ၊ နှမတွေကိုပွဲလမ်းရပြီးမှ ဆုတော်လာဘ်တော်ချရဦးမယ်။ မယ်မယ်ဘုရားကိုယ်တော်တိုင်လည်း နာမကျန်းတဲ့ စစ်သည်တော်တွေ ပြုစုတဲ့ဖက်မှာ သူ့အပျိုတော်များနဲ့ မအားရရှာဘူး။ အမတော် ဟံသာဝတီထိပ်ထားတစ်ပါးကတော့ မကျန်းခန့်ရှာဘူး။ သွားပြီး ဖူးမြော် အားပေးလိုက်ပါဦး ခင်ဖုန်းငယ်"

မြင့်ဖုန်းရှိနှလုံးအိမ်ထဲတွင် ဆီမီးရောင်တို့က ပို၍မှိန်သွားရသည်။

"သာလောက် မအားလပ်ရတဲ့ကြားက ဟံသာဝတီထိပ်ထားတဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဖူးမြော်အားပေးလိုက်ပါဦး ခင်ဖုန်းငယ်တဲ့"

မြင့်ဖုန်းရှိ မျက်ရည်သီသီ ဝေ့သွားသည်။

"ဪ မောင်တော်ဘုရားဟာ ဟံသာဝတီအိမ်ရှေ့ကတော်ဟောင်း လောက်တောင်မှ ငါတို့ကို အလေးမထားပါလား။ ရွှေလက်တော် မဆက်ခင် သည်လောက် အရေးတော်ထားနေရင်. . . "

နတ်သျှင်ကို "မှန်ပါ့" ဟု ပြန်မဖြေ။

နှုတ်ခမ်းကို တွင်တွင်ကိုက်ထားသည်။

နတ်သျှင်က "ရော် ခင်ဖုန်းငယ်၊ ဟံသာဝတီစုဖုရားက အမြောက်တပူ သံတွေကြောင့် သွေးလန့်ချောက်ချားနေရှာတော့ မိန်းမသူအချင်းချင်း အားပေး ခိုင်းတာပါ။ ခင်ဖုန်းငယ်က အစ်မတော်အရင်းလို သဘောထားပါကွယ်"

ခင်ဖုန်းက ခေါင်းငုံ့ထားစဉ် မျက်ရည်တစ်စက် ကျဆင်းသွားသည်။

သို့တိုင် သူ့မျက်ရည်ကို နတ်သျှင် သတိမူပုံမရခဲ့။

နန်းဆောင်မှ ပြန်ကြွသွားခဲ့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၀)

မြင့်ဖုန်းရှိမှာ ဟံသာဝတီမဖုရားထံသို့ ကောင်းနိုးရာရာဆေးဝါးများ လက်ဆောင်တော်များယူ၍ ညီမငယ်ပမာ ခင်မင်နေသော ကိုယ်လုပ်တော်တစ်ဦးဖြစ်သူ ခင်မျိုးတော်နှင့်အတူ သွားရောက်တွေ့ဆုံခဲ့သည်။ ဟံသာဝတီမဖုရား ရာဇဓာတုကလျာသည် သက်တော် ၄၀ ကျော်သည်ဟု မထင်မှတ်ရဘဲ မြင့်ဖုန်းရှိတို့နှင့်ပင် မတိမ်းမယိမ်းထင်ရအောင် လှပပျိုမြစ်ဆဲဖြစ်သည်။ ထိုသို့လှပသည့်တိုင် သူ့အလှကို ပေါ်လွင်ထင်ရှားအောင် မည်သို့မျှ မွမ်းမံပြင်ဆင်ထုံးဖွဲ့ထားပုံမရ။ ဟံသာဝတီနှင့် တောင်ငူတိုက်ပွဲတွင် သေနတ်မီးပေါက်များ အမြောက်မြတပူများအသံ လူအများ သေကြေပျက်ပြုန်း၍ စစ်မီးဟုန်းဟုန်းတောက်ခဲ့ခြင်း၊ ယခုလည်း တဖန်စစ်ပွဲနှင့် ကြုံရပြန်ခြင်းတို့ကြောင့် ထိတ်လန့်မပြယ်ရှိဆဲဟန်ကို တွေ့ရသည်။

စကားတော်ကို တိုးတိုးညင်ညင်မျှသာပြောပြီး မြင့်ဖုန်းရှိတို့ လာရောက်ခြင်းကို နှစ်လိုဟန်မပြသလို မနှစ်မြို့ပုံလည်း မရပါပေ။

ကံပစ်ချရာဘဝတာတွင် ယုန်သူငယ်လေးပမာနေသွားရှာမည့် ပုံကိုသာ တွေ့မြင်ရသည်။

စိန်ရွှေမဆင် ယဉ်ယဉ်ရိုးရိုးနှင့်ပင် လှပလွန်းသူ ဖြစ်သည်။ ယခုအခါ မကျန်းမာသဖြင့် နှလုံးအေးမြမည့် ဆေးတော်များသာ မှီဝဲသုံးဆောင်နေကြောင်းနှင့် သူ၏အပျိုတော်တို့ကို မြင့်ဖုန်းရှိတို့အား သဘော်ာထည်များ လက်ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ပေးရန် ညင်ညင်သာသာပြောခဲ့သည်။ အဆောင်တော်တစ်ခုလုံးမှာ စန္ဒကူးနံ့သာ နံ့သင်းနေခဲ့သည်။ စန္ဒကူးသားတို့ဖြင့် ဆောက်လုပ်ထားသော အဆောင်တော်တွင် ဧကရီတစ်ပါးပမာ စံမြန်းနိုင်ဖို့ နတ်သျှင်ကိုယ်တော်ပင် စီစဉ်ပေးခဲ့ပုံရသည်။

သူတို့ကိုပြန်ပေးသည့် လက်ဆောင်တော်များမှာ ထင်မှတ်သည်ထက်ပင် များပြားလှသည်။ မိုး(အာရပ်)ကုန်သည်များသာ လာရောက်ရောင်းချလေ့ရှိသော ကော်ဇောငယ်များ အပါအဝင် နူးညံ့လှပသည့်ပဝါများ၊ ဟံသာဝတီရွှေနန်းတော်မှ အဆင်ဒီဇိုင်းပေးပြီး ရက်လုပ်ခိုင်းသည့် ပိတ်ချောထည်များ၊ ပိုးထည်စများပါ ပါဝင်သည်။ တဒိန်းဒိန်းအမြောက်မြတပူ အသံများကြောင့် မျက်နှာတော်ဖြူရော်လျက် လေသံဖျော့ဖျော့ဖြင့်-

"အရေးတော်အခြေအနေများရော ဘယ်လိုကြားစ ညီမငယ်"

မြင့်ဖုန်းရှိကို မေးလိုက်သည်။ မြင့်ဖုန်းရှိက ပြန်မဖြေဘဲ ခင်မျိုးတော်ကို ကြည့်လိုက်သည်။

ခင်မျိုးတော်က "မစိုးရိမ်ပါနဲ့ မမဖုရား။ မောင်မောင်ကိုယ်တိုင် စစ်မြေမှာ ဦးဆောင်နေတာမို့ အောင်ပွဲရမှာပါဘုရား"

ဟံသာဝတီစုဘုရား၊ အစ်မတော်ရာဇဓာတုကလျာက ရင်လွှမ်းပဝါကို ရင်ညွန့်မှာ တင်းတင်းချည်ထားရာက အသက်ရှူမဝသလို ညင်သာစွာဖြည်ရင်း-

"စစ်ပွဲတွေက ဘယ်တော့များမှ ဆုံးတော့မှာလဲနော်" ခပ်သဲ့သဲ့ညည်းလိုက်သည်။

ထိုအဆောင်တော်က ပြန်လာတော့ ခင်မျိုးတော်က-

"ဟံသာဝတီမဖုရားက စိတ်ထားပြည့်ဝတော်မူတယ်နော်"

"အေးပါရှင်၊ တို့တစ်တွေက နတ်သျှင်ကိုယ်တော်ကို ပေးလိုက်ရမှာ" မြင့်ဖုန်းရှိက စိတ်မသက်သာဟန်ဖြင့် ပြောလိုက်သည်။

"သာပေမယ့် အိုမမဖုရားရယ်၊ တစ်ပါးသူထက်စာရင် သည်လိုမင်းသမီးနှင့်ဆိုတော့ တော်သေးတာပေါ့ရှင်"

ဟုတ်ပါသည်။ ခင်မျိုးတော်မှာ သက်ရှည်ကျော်ထင်သမီး ဖြစ်သည်။ သက်ရှည်ကျော်ထင်အမတ်ကြီးမှာ ကေတုမတီရွှေနန်းရှင်နှင့်ရော နတ်သျှင်နှင့်ပါ ယိုးဒယားသို့ စစ်ချီဖက်များဖြစ်သည်။ ဟံသာဝတီရွှေနန်းရှင်သားတော် မင်းရဲကျော်စွာက မျက်စိကျနေခဲ့ရာ မူးယစ်ရမ်းကားနေသော မင်းသားနှင့် လက်မဆက်စေလိုသဖြင့် ဖခင်က နတ်သျှင်နှင့် လက်ဆက်စေခြင်း ဖြစ်သည်။ မင်းရဲကျော်စွာ၏

mgyoe.com

mgyoe.com SAMPLE BOOK

အငြိုးအတေးကိုခံခဲ့ရသော သက်ရှည်ကျော်ထင်မှာ ဟံသာဝတီရွှေနန်းရှင်က အထင်မှားပြီး နောင်အခါတွင် ကားစင်တင်ကာ အသတ်ခံခဲ့ရသည်။

ခင်မျိုးတော်မှာ အပြောအဆို အနေအထိုင်သိမ်မွေ့သူဖြစ်ရာ နတ်သျှင်၏ ဘဘဘုရားနှင့် မယ်မယ်တို့၏ ချစ်ခင်အရေးပေးခြင်းကို ခံခဲ့ရသူဖြစ်သည်။ မြင့်ဖုန်းရှိနှင့် လက်ဆက်ပြီး တစ်နှစ်အကြာမှာ ခင်မျိုးတော်ကို လက်ဆက်ခဲ့ရာ နတ်သျှင်က ခင်မျိုးတော်ဘဝကို ပြောပြပြီး လက်ဆက်ခဲ့သဖြင့် မြင့်ဖုန်းရှိစိတ်ဆင်းရဲခဲ့ရသည့်တိုင် ခင်မျိုးတော်ကို မမုန်းခဲ့ပါ။ သက်ရှည်ကျော်ထင်အမတ်ကြီးနှင့် ဇနီးကိုယ်တိုင် မြင့်ဖုန်းရှိကို လက်ဆောင်တော်များနှင့် ဝင်တွေ့ကာ သမီးဖြစ်သူကို စောင့်ရှောက်ဖို့တောင်းပန်ခဲ့သည်။ ဟံသာဝတီမဖုရားနှင့် ရွှေလက်တော်မဆက်မီမှာပင် နတ်သျှင်တွင် အိမ်ဖြူပြတင်းနှင့်ထားသည့် ကိုယ်လုပ်တော် ၃ ပါး သားတော် သမီးတော် ၆ ပါး ရှိနှင့်ခဲ့ပြီ။

မယ်မယ်နှင့် အင်းဝသို့ ပါသွားသည့် နောက်ကိုယ်လုပ်တော်တစ်ပါးမှာ တောင်ငူအမတ်ကြီး သီဟဗလ၏သမီးခင်လတ်ဖြစ်သည်။ ခင်လတ်ကား မြင့်ဖုန်းရှိကို အစဉ်ရန်လိုခဲ့သူဖြစ်သည်။ နတ်သျှင်ကိုဖြစ်စေ မယ်မယ်ကိုဖြစ်စေ မြင့်ဖုန်းရှိအကြောင်းတစ်ခုမဟုတ်တစ်ခု ရမယ်ရှာ တိုင်တမ်းတတ်သည်။ သူ၏အိမ်တော်မှာ ကေတုမတီကုန်သည်ကြီးများ ကျက်စားရာဖြစ်သည်။ အထည်ဆန်း အဝတ်ဆန်းများ ဝတ်ဆင်ဖို့နှင့် နတ်သျှင် သနားတော်မူသည့် ရတနာမည်မျှဟု ကိုယ်လုပ်တော်တို့ကြား ပြိုင်ဆိုင်ဖို့ပဲ သိသူဖြစ်သည်။ နတ်သျှင်ကို အပူဆာဆုံး အချွဲဆုံးလည်းဖြစ်သည်။

မြင့်ဖုန်းရှိ၏ နို့မယ်မယ်မှာ မွန်အမျိုးသမီးဖြစ်ရာ ဘုရင့်နောင်မင်းတရားကြီးကို မွန်အမတ်ကြီး ဗညားဒလက မားဝှက်ပြီး လုပ်ကြံဖို့ကြိုးစားခဲ့ပုံကို ခဏခဏပြောတတ်ခဲ့သည်။ ဩော် ကိုယ်လုပ်တော် ၃ ဦးထဲမှာ အငယ်ဆုံးဖြစ်လို့သာ တော်ပါရော့။ ရာဇဓာတုကလျာမဖုရားနှင့် မောင်မောင်တို့လက်ထက်ပွဲမှာ ခင်လတ်က ကိုယ်လေးလက်ဝန်နှင့်မို့ မတက်နိုင်ခဲ့။ လက်ထက်ပွဲပြီး ဟံသာဝတီမဖုရား၏ နန်းဆောင်တွင်သာ စံနေလေ့ရှိသည့် မောင်မောင်ထံ မွေးကင်းစသားတော်လေးကို ပွေ့ချီခေါ်သွားပြခဲ့သူလည်းဖြစ်သည်။ ခင်လတ်က မောင်မောင်နှင့် အစ်မတော်ထံ သားတော်လေးဖို့ ခမည်းတောင်းသည်။ ဟံသာဝတီမဖုရားတော့ ရင်တုန်ပန်းတုန်ဖြစ်သွားရှာလေမလားမသိ။

ဟံသာဝတီမဖုရား နတ်ပြည်စံပြီး ၆ လလောက်အကြာမှာ နတ်သျှင်၏

mgyoe.com

mgyoe.com SAMPLE BOOK
မယ်မယ်က နတ်သျှင်ကို သက်တော် ၁၆-၁၇ နှစ်သာရှိသေးသည့် ခင်မျိုးဆွေနှင့် လက်ဆက်စေခဲ့ပြန်သည်။ ခင်မျိုးဆွေမှာ ရေတာရှည်မြို့ဝန်သမီး ဖြစ်သည်။ မယ်မယ်ဖုရားအပါးတွင် ခစားဖို့ သူ့ဖခင်ကပေးပို့ထားသော မိန်းကလေးဖြစ်ပြီး အလှရည်အတက်ဆုံးအရွယ် ငယ်ဂုဏ်နှင့် တင့်တယ်ပြေပြစ်သူလေး ဖြစ်သည်။ သူ ကလေးကတော့ ခင်လတ်၏ သွန်သင်မှုကိုခံယူကာ အဝတ်အစားနှင့် အလှအပ ဆင်သဖို့ပဲ နားလည်ရှာသူဖြစ်သည်။ ယခုသန်လျင်သို့ လိုက်ပါခဲ့ရာတွင် နတ်သျှင်၏ လက်သုံးတော်ကြီးကိုင် နေမျိုးကိုယ်တိုင် စစ်ပွဲများကြားမှ ရှာဖွေပြီး အပါခေါ်ခံခဲ့ရသူဖြစ်သည်။ မြင့်ဖုန်းရှိသည် နတ်သျှင်က ဖိလစ်ဇနီးလွှီဇာထံ ခင်မျိုးဆွေကို အလည်ခေါ်တော်မူပြီး ပေါ်တကေကုလားတို့၏ တူရိယာတစ်မျိုးဖြစ်သော ပြာနိုတီး သင်ခိုင်းကြောင်း ကြားရသည်။

မြင့်ဖုန်းရှိနှင့် ချစ်စခင်စက မောင်မောင်၏ ဘုရားတိုင်ရတုအချို့ကို စောင်းနှင့်တီးကြည့်ဖို့ ကြိုးစားခဲ့သည်။ ရဝေရှင်ထွေးမယ်မယ်ထံမှာ ရတုအဆို သင်ခဲ့သည်။ သည်တုန်းကတော့ မောင်မောင်အပါးမှာ ခင်ဖုန်းငယ်သာ ရှိခဲ့စဉ်က ပါ။ ဩော် ခုတော့ ချစ်စခင်စနှမသည် အသစ်ကလေးကို ပြာနိုဆိုတာ တီးခိုင်းစေ ခဲ့ပြီ။ မြင့်ဖုန်းရှိသည် ရောက်တတ်ရာရာ တွေးတောမိရာက ရှိုက်သံကြောင့် သူ့ရှေ့ မှ နန္ဒယော်ဓာ၏ ဇနီးကို ပြန်၍သတိရသွားသဖြင့်-

"ဩော် ညီမငယ် စိတ်မပူပါနဲ့ အစ်မတော်ကြိုးစားရှာပေးပါမယ်"

နန္ဒယော်ဓာ၏ ဇနီးသည်မှာ အတန်ငယ် မျက်နှာကြည်လင်လာပြီး-

"မုတ္တမတပ်တွေထဲမှာများ ရှိလေမလားလည်း တွေးမိပါတယ် မမဖုရား ရယ်။ မောင်ကြီးကလည်း တော်ကြီးဘုရားအပါးမှာ အမြဲ . . . "

"အင်း မမနားလည်ပါတယ်၊ ခင်အိရဲ့ သားလည်း မမရဲ့သားပါပဲ" မြင့်ဖုန်း ရှိက ခင်အိကို ပဝါဖြူတပိုင် ညင်သာစွာ လှမ်းပေးလိုက်သည်။

ခင်အိက ပင့်သက်ရှိုက်လိုက်သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၁)

နတ်သျှင်သည် သေနတ်မီးပေါက်ကို အင်းဝစစ်သည်ပုံစံ အရုပ်၏မျက်စိနှစ်လုံးကြားချိန်၍ ပစ်လိုက်သည်။ သေနတ်မှာ ကျည်ထွက်ဖို့က အဆင့် ၅ ဆင့်ဖြတ်သန်းရသည်။ ပထမယမ်းတစ်ဆင့်ထိုး၊ ယမ်းထိန်းကာပတ်တစ်လုံးထည့်ထိုးတံနဲ့ ငါးချက်လောက် ထိုးဆောင့်၊ နောက်ကျည်ဆံခဲလုံးထည့် ကျည်ထိန်းကာပတ်ထိုး၊ ထိုးတံနဲ့ ခပ်ဆတ်ဆတ်သုံးချက်ဆောင့်၊ နားခွက်မှာယမ်းပုံ၊ ယမ်းပုံပေါ်က စိုင်ပေါင်အုပ် မီးခတ်ကျောက်တပ်ထားသော မီးမောင်းကို တင်ပြီး ခလုတ်ကိုဆွဲ၊ ကျည်က အရုပ်ခေါင်းပေါ်မှ ကျော်၍ထွက်သွားသည်။ နတ်သျှင်က တောက်တစ်ချက်ခေါက်လိုက်သည်။ သားတော်ကို လက်ထဲမှ သေနတ်ကို လှမ်းပေးလိုက်သည်။

"ကဲ ပစ်စမ်း"

ပေါ်တကေ စစ်ဗိုလ်ဝတ်စုံဝတ်ဆင်ထားသည့် ၁၃ နှစ်အရွယ်သားတော်ကို ပြောလိုက်သည်။ သားတော်၏ မျက်လုံးလေးများက တစ်ချက် လက်ခနဲဖြစ်သွားပြီး သေနတ်ကို ရိုသေစွာလှမ်းယူလိုက်သည်။ သားတော်က နတ်သျှင်ထက် ယမ်းထိုး ကျည်ထည့် ကျွမ်းကျင်သည်။ လျင်လျင်မြန်မြန်ပင် သေနတ်ကို ကျည်ထိုးလိုက်ကာ သူက ပစ်မှတ်ဆီသို့ သေသေချာချာချိန်ပြီး ပစ်လိုက်သည်။ ကျည်က အရုပ်၏ဦးခေါင်းကို ရှပ်၍မှန်သွားသည်။ နတ်သျှင်က အားရသည့်အသံဖြင့်

"နေ့စဉ် လေ့ကျင့်ထားတယ် ဟုတ်စ"

mgyoe.com

mgyoe.com SAMPLE BOOK

"မှန်ပါ့ဘုရား"

ဗိုလ်ချုပ် ရိုဗေရိုက "စက်ကွင်းနဲ့ ငြိမ်နေတဲ့ လူရုပ်ထက် လှုပ်နေတဲ့အရုပ်ကို ထိနိုင်ဖို့ လေ့ကျင့်ရဦးမယ်" ဟုပြောလိုက်သည်။

နတ်သျှင်က "အင်း ကြိုးစားနော် သားတော်၊ စစ်ပွဲမှာ တကယ်ရင်ဆိုင်ရမှာက ကိုယ့်လိုပဲ သေနတ်မီးပေါက် ကိုင်ဆောင်ထားမယ့် ရန်သူပဲ။ ရန်သူကို ရင်ဆိုင်တဲ့အခါ လက်ငြိမ်ငြိမ် စိတ်ငြိမ်ငြိမ်နဲ့ သေသေချာချာချိန်ပြီးပစ်။ လက်ဦးမှုဟာ အရေးအကြီးဆုံးပဲ"

ရိုဗေရိုက မင်းသားငယ်၏ပခုံးကို အသာပုတ်ပြီးပြုံးကာ-

"ဗိုလ်လေးလည်း ခမည်းတော်စကား မှတ်သား ဟုတ်လား။ သင့်ခမည်းတော်ဟာ ငယ်စဉ်ကတည်းက အောင်ပွဲတွေ အလီလီရခဲ့တယ်လို့ ကျွန်ုပ် ကြားဖူးတယ်"

နတ်သျှင်က ယဲ့ယဲ့ပြုံးလိုက်ပြီး-

"သားတော်အရွယ်မှာ မိုးကောင်းကို ပွဲလမ်းရလို့ ဟံသာဝတီရွှေနန်းသျှင်ရဲ့ ကျေးစားမြို့စားရခဲ့တယ်" နတ်သျှင်စိတ်တွေက အတိတ်သို့ ရောက်ရှိသွားသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၂)

သည်တုန်းက နတ်သျှင်အသက် ၁၃ နှစ်သားအရွယ်။

နန်းရင်ပြင်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဟံသာဝတီရွှေနန်းသျှင်အဖို့ ယိုးဒယားကို စစ်ချီရာမှ အရေးနိမ့်ပြန်လာသော အိမ်ရှေ့စံသားတော်ကြီးကို နှုတ်ပြစ်တင်ပြီးနောက် အတိတ်ကြီး တိတ်ဆိတ်သွားခြင်းပင်။

ပွဲလမ်းရရှိပြီး ပြန်လာသော နတ်သျှင်တို့ပင် တုပ်တုပ်မျှ မလှုပ်ရဲ။

သည်ကတည်းက နတ်သျှင်စိတ်ထဲတွင် လက်အောက်ခံဘဝကို မုန်းတီးရွံ့ရှာစိတ်က နှလုံးသည်းပွတ်ထဲမှာ သံမှိုစွဲခံရသလို စွဲနေခဲ့သည်။ နတ်သျှင်၏ ခမည်းတော်နှင့် ဘထွေးတော်တို့သည်ပင် ဟံသာဝတီရွှေနန်းရှင်၏ ဦးရီးတော်များ ဖြစ်သော်လည်း ဟံသာဝတီရွှေနန်းရှင်ကို စကားတစ်ခွန်းမဆိုရဲ။ သစ္စာတော်ခံ ဆိုသည့် အရသာမှာ ရွှေနန်းရှင်အလိုကျ တိုက်ခိုက်ခဲ့ရသော ငံပျပျသွေးနှင့် မျက်ရည်။ နာကျင်မှု။

ယိုးဒယားစစ်ရှုံးရခြင်း၏ အရိပ်က တောင်ငူတပ်တော်က မိုးကောင်းကို ပွဲလမ်းရခဲ့ကြခြင်းကိုပင် မှေးမှိန်လုလု။

သို့တိုင် ရွှေနန်းရှင်က-

"သင်းတို့ ၁၃ နှစ်သား နတ်သျှင်နောင်လောက်မှ အားမကိုးရပါလား ဟင်၊ အိမ်ရှေ့စံဆိုတာ ငါမရှိရင် ထီးနန်းဆက်ခံရမှာ။ ဘယ်လိုအရည်အချင်းနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်ခံမလဲ စစ်ရှုံးတပ်မှူးတွေကို လက်ရသုံးတန်းမှာ ချုပ်နှောင်ထား"

နတ်သျှင်ထံ အထင်တကြီးမျက်လုံးများ ဝဲပျံလာသည်။ နောင်တော်ကြီး အိမ်ရှေ့စံမင်းကြီးစွာမှာ အံကိုတင်းတင်း ကြိတ်ထားပုံရသည်။ နောင်တော်လတ် မင်းရဲကျော်စွာက နတ်သျှင်ကို သူ၏ခမည်းတော်က ဂုဏ်တင်ပြောလိုက်ခြင်းကို မနှစ်မြို့သည့်အကြည့်ဖြင့် မသိမသာကြည့်သည်။ သားတော်ငယ် မင်းကြီးနှောင်းက ခပ်ပြုံးပြုံး။ ဖခင်မမြင်အောင် နတ်သျှင်ကို စွေကြည့်သည်။ သို့တိုင် စစ်ရှုံးတပ်မှူးများကို လက်ရသုံးတန်းမှာ ချုပ်နှောင်ထားဟူသည့် စကားက နတ်သျှင်၏ အောင်မြင်မှုပေါ် ဂုဏ်ယူလိုစိတ်လေးပင် ပျက်ပြယ်သွားသည်။ စစ်မှာ ရှုံးတစ်လှည့် နိုင်တစ်ချီ ရှိလေတတ်သည်ပဲ။ အရှုံးထဲမှ သင်ယူကာ နိုင်အောင်တိုက်ကြရမှာ မဟုတ်ပါလား။ နတ်သျှင်မှာ လက်အောက်ခံနိုင်ငံက မင်းသားငယ်မျှ။

သို့သော် တူတော်မင်းသားငယ်ကို တပ်မှူးမင်းသားအဖြစ်ဖြင့် သာဝတ္ထိမြို့ကို စားစေခဲ့ပြီ။ နတ်သျှင်ကတော့ သူကျေးစားမြို့စားဘွဲ့ကို ရရှိပြီး ဆုလာဘ်ရရှိခြင်းကို မပျော်နိုင်။ စစ်ရှုံးတပ်မှူးများကို လက်ရသုံးတန်းထောင်မှာ ပို့ထားခြင်းက သေမင်း၏ နိုင်ငံသို့ ပို့စေသည့်နှယ်မို့ နတ်သျှင်ရင်ထဲနင့်နေသည်။ နန်းရင်ပြင်မှသည် ဘထွေးတော်နှင့်တကွ တည်းခိုရာနန်းဆောင်ရောက်တော့-

"ဘထွေးတော်ဘုရား၊ စစ်နိုင်ရင် ပွဲလမ်းတွေ ဖျော်ဖြေမှုတွေ ဘွဲ့ထူးဂုဏ်ထူးတွေက စောင့်နေပေမယ့် စစ်ရှုံးရင် သေခြင်းတရားက စောင့်နေတတ်တဲ့ လက်အောက်ခံဘဝမျိုးနဲ့တော့ တူတော့်"

နတ်သျှင်က စိတ်လိုက်မာန်ပါ ပြောမိရာက စကားကို တစ်ပိုင်းတစ်စ ရပ်ထားမိသည်။ နန်းဆောင်တွေဆိုတာက နေရာတိုင်းမှာ နားတွေရှိနိုင်တတ်သည်။ ဘထွေးတော်က "အေး စစ်ဆိုတာမျိုးကလဲ ယောကျ်ားတွေရဲ့ ဇွဲနဲ့သတ္တိကို အမြဲတမ်း စမ်းသပ်နေတဲ့အရာပဲ။ လုပ်ရည်ကိုင်ရည်ရှိတဲ့ တပ်မှူးများသော်မှ အမိန့်တော်ကလွဲမှားနေရင် သေတွင်းကို ဇွတ်ဆင်းခိုင်းခံရသလိုပဲ"

နတ်သျှင်က ခပ်ဆတ်ဆတ်အသံဖြင့်-

"ဆရာတော်များကရော အဲသည်တပ်မှူးတွေကို မကယ်နိုင်ကြဘူးလား"

ဘထွေးတော်က ခေါင်းခါပြီး-

"အေး ခုအချိန်အခါက အင်မတန်ခက်တယ်။ နောင်တော်မင်းတရားကြီးလက်ထက်ကတော့ ဆရာတော်ကြီးများ အလျှုံခံရင် အသက်ကိုချမ်းသာပေးတတ်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ပင့်သက် လေးလေးချလိုက်သည်။

"ဖဘုရားကရော မဖျောင်းဖျတော့ဘူးလား"

"အင်း ဟံသာဝတီရွှေနန်းရှင်က အင်မတန်စိတ်မာန်ကြီးတာ၊ ပြောလို့ရမယ် မထင်ဘူး။ ဦးရီးတော် ဘထွေးတော်တွေစကားသာ နားဝင်ရင် ယိုးဒယားကို စစ်တောင်ချီမှာ မဟုတ်ဘူး"

"တိုင်းပြည်မှာ စပါးမစိုက်နိုင်ရင် တိုင်းသူပြည်သားတွေ မွတ်ငတ်ကုန်မှာ။ စစ်ပွဲတစ်ပွဲရဲ့ အနိုင်အရှုံးဟာ စစ်မြေပြင်မှာပဲ တည်တာမဟုတ်ဘူး။ ဒါပေမယ့် . . . တူတော်မောင်ကတော့ ကောင်းစားဦးမှာပါ၊ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ကိုယ်နဲ့ တိုက်ဖော်တိုက်ဖက်တွေကို မညှာမတာ မလုပ်နဲ့"

နတ်သျှင်က ဘထွေးတော်၏ ယောက်ျားပီသခံ့ညားသော မျက်နှာကို ငေးကြည့်နေသည်။

နတ်သျှင်က အတိတ်ကို မြင်ယောင်သည်။

သူ တကယ်အားကျခဲ့တာက ဘထွေးတော်။

သူသည် ပွဲလမ်းရရှိစေသော စစ်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်း၏ ခါးသည်းမှုကို တွေးရင်း သားတော်၏ဘဝမှာ သူငယ်စဉ်ကလို လျှမ်းလျှမ်းတောက် အောင်မြင်မှုတွေ မရရှိခဲ့သေးတာ သတိရသွားသည်။ ညောင်ရမ်းစားရှင်သစ္စာရဲ့ သားတော် မဟာဓမ္မရာဇာဆိုတဲ့ သခင်လတ်ငယ်စဉ်ကရော ဘယ်လိုပွဲလမ်းမျိုးတွေ ဘယ်လို အောင်မြင်မှုတွေ ရခဲ့ပါလိမ့်။

ခုအခါမှာတော့ တစ်ခါက အားကျလေးစားခဲ့သော ဘထွေးတော်သည် မဟာဓမ္မရာဇာအမည်ခံ အင်းဝဘုရင်သခင်လတ်ကို ခစားနေရပါကလား။ အင်းဝသို့ ပါသွားသည့် တောင်ငူတပ်တော်ကသာ သူ့အပေါ် သစ္စာမြဲနေဆဲဆိုပါလျှင် . . . ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၃)

ညောင်ရမ်းစားရဲ့သားက ဆင်ရိုင်းများကို အောက်မားဆင်မနှင့် ဖြားယောင်းကျုံးသွင်းသလို သူ့ညီတော်တွေနဲ့ ဘထွေးတော်တို့ကို ဆုလာဘ်တွေနဲ့ ချော့တစ်ချီ ခြောက်တစ်လှည့် အင်းဝကျုံးမှာ သွင်းခဲ့လေပြီလား။

ဩော် မယ်မယ်တစ်ပါးရော၊ ဘယ်လိုများနေရှာပါလိမ့်။

ယခုအခါ သူ့ကို ဂုဏ်တင်ပြောနေသော်လည်း တောင်ငူကို တိုက်ခဲ့စဉ်က သည်ပေါ်တကေ ရိုဗေရိုသည် တောင်ငူအဝင် ဆင်ရံပေါက်ရောက်မှ အမြောက်သံပေးခဲ့သဖြင့် တောင်ငူကို ကာကွယ်နေသည့်တပ်တော်မှ ညီတော်မင်းရဲကျော်စွာ ကျဆုံးခဲ့ရသည်။ ညီတော်သေဆုံးရတာကို အပြစ်မကင်းသလို ခံစားနေရသည်။

စက်ပစ်ကွင်းမှာ သေနတ်ပစ်လေ့ကျင့်ကြပြီး တပ်တော်သားတို့ စစ်ရေးလေ့ကျင့်မှုများကို ဆက်၍စစ်ဆေးကြသည်။ ဆင် ဆင်ချင်း၊ မြင်း မြင်းချင်း၊ တိုက်ကြသည့် စစ်ပွဲများနေရာတွင် အမြောက်မြတပူများ ယမ်းမီးပေါက်များဖြင့် အဝေးပစ်လက်နက်တို့ နေရာယူလာခဲ့ကြပြီ။ ဆံလေးတိုဖြတ်ပြီး ပေါ်တကေ စစ်ဝတ်စုံဝတ်ထားသည့် သန်လျင်သား မြန်မာလူငယ်လေးများမှာ နတ်သျှင်မျက်လုံးထဲ ထူးဆန်းနေသေးဆဲ။ သူ၏ ရှည်လျားနက်မှောင်သော သျှောင်တော်ကိုဖြင့် အဆုံးမခံလိုသေး။ သားတော်ဘက်ကို ကြည့်လျှင် သားတော်ပင် ဆံတိုဖြတ်လျက် ပေါ်တကေစစ်သည်ကြီး ဖြစ်နေပါကလား။

mgyoe.com

mgyoe.com SAMPLE BOOK

နတ်သျှင်၏ အတွေးများကို ပေါ်တကေစစ်သည်တစ်ဦး၏ သေနတ်သံက လှုပ်နှိုးလိုက်သည်။ ဒိုင်းခနဲသေနတ်သံနှင့်အတူ လက်ခုပ်တီးသံများ၊ ပေါ်တကေဘာသာဖြင့် ချီးကျူးအားပေးသံများ ထွက်ပေါ်လာသည်။ လှုပ်ရှားနေသော အင်းဝစစ်သည်အရုပ်၏ နဖူးပြင်ကို ထိမှန်သွားခြင်းပင် "လက်ရွေးစင်ကွ" တပ်သားတို့ဟစ်အော် အားပေးနေကြသည်။

သားတော်မျက်လုံးလေးများက ထိုစစ်သည်ကို အားကျဟန်ဖြင့် ကြည့်ခဲ့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၄)

မုတ္တမတပ်တော်မှ ရိက္ခာတင်လှည်းများ ဝင်ရိုးမှတအီအီမြည်သံဖြင့် မြို့တွင်းသို့ ဝင်လာသည်။ ရိုင်လိပ်များထဲတွင် ထမင်းခြောက်မှုံ့တို့ အသိပ်ထည့်ထားသော ဝါးကျည်တောက်များအပြည့်ပါလာသည့် လှည်းများပင်။ လှည်းများ ဘေးမှ မြင်းသည်တို့ ဝန်းရံလျက် ခပ်နွေးနွေးဖြည်းဖြည်းပင် လိုက်ပါလာကြသည်။ သန်လျင်မြို့သား အိုမင်းမစွမ်းသူများက စစ်သားတို့အတွက် ရေဘူးအဖြစ် အသုံးပြုရန် ဧရာမ ဘူးသီးခြောက်ကြီးများအား အတွင်းမှအစေ့များ ထုတ်နေကြသည်။

အလုပ်လုပ်ရင်းပင် မုတ္တမ ရိက္ခာလှည်းများကိုကြည့်ပြီး တစ်စုံတစ်ရာ ပြောကာ ရယ်မောနေကြသည်။ ရယ်သံများကြောင့် အစောင့်စစ်သားက-

"ဒီအဘိုးကြီးတွေ သွားကျိုးပါးကျိုးနဲ့ ရယ်နေပြန်ပြီ။ မြန်မြန် မလုပ်ရင် ကြီးသောငယ်သော နားမလည်ဘူး ကြိမ်နဲ့ ဆော်မှာပဲ"

အော်ပြောလိုက်သည်။ အဘိုးအိုတစ်ဦးမှာ ရယ်ရှိန်မရပ်နိုင်သေးဘဲ တီးတိုးသံဖြင့်-

"မအေပေးလေး၊ တို့ကမွေးရင် မြစ်လောက်ရှိတဲ့သတ္တဝါလေး အဘွားကြီး ဝါးကျွေးတဲ့ ဖွဲရောဆန်ကွဲထမင်းကိုစားပြီး သင်းတို့အတွက် လုပ်ပေးနေရတာ။ ဧကန္တ သင်းတို့လဲ ငါတို့ မသထာရေစာမျိုးဆိုပြီး သွားမရှိတော့လို့ ကော်ရည် ကျိုသောက်ရတော့မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်အဘိုးကြီးများက ရယ်လိုက်ကြပြန်သည်။ စစ်သားက ကြိမ်သံတရွှမ်းရွှမ်းပေးရင်း-

"မြန်မြန်လုပ်ကြစမ်း"

စောစောက အဘိုးကြီးကပင် -

"မောင်ရင်လေးရယ် တို့လည်း ငယ်ငယ်က ဘုရင့်နောင်မင်းတရားကြီးတပ်တော်နဲ့ ယိုးဒယားတောင် ရောက်ခဲ့တဲ့ စစ်ပြန်တွေပါကွယ်"

ဘေးမှ အဘိုးကြီးက "ဘုရင့်နောင်မင်းတရားကြီးတပ်တော်မှာ ထမင်းအိုး ဟင်းအိုးထမ်းပေါ့" ပြောလျှင် ကျန်တစ်ယောက်က-

"ဟင် ငါက မင်းရို့ဆင်ချေးမြင်းချေးကျုံးတွေ မှတ်တာ" ရယ်ကြပြန်သည်။

စစ်သားက သူ၏ဆေးတံကို ဆေးမှုန့်ဖြည့်နေသဖြင့် လက်မအား။ လှည်းယာဉ်ပေါ်မှ မြင့်ဖုန်းရှိတို့က မုတ္တမရိက္ခာတင်လှည်းများနှင့် အစောင့်စစ်သားများကို စူးစိုက် ကြည့်နေသည်။ အစောင့်စစ်သားက မြင့်ဖုန်းရှိတို့ စီးလာသည့် လှည်းယာဉ်ကို မြင်သွားပြီး လက်ထဲမှ ထားဝယ်ကြိမ်တဝင့်ဝင့်နှင့် လျှောက်လာရင်း-

"သယ် ဘယ်ကလှည်းလဲ အသည်အလာတွေ သည်နေရာမဖြတ်ရတာ မသိဘူးလား" ကြိမ်းမောင်းလိုက်သည်။

လှည်းသမားက "နောင်ကြီးရယ် သည်က သခင်မကြီးဘုရားက တောင်ငူ. . ."

"ဘာ တောင်တွေမြောက်တွေ လုပ်မနေနဲ့ သွားစမ်း"

စစ်သားက လက်ထဲကကြိမ်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။ မြင့်ဖုန်းရှိမှာ နတ်သျှင်ကို အသိမပေးဘဲ ထွက်လာခဲ့ခြင်းဖြစ်ရာ စစ်သားနှင့် အငြင်းအခုန်လုပ်လိုစိတ်မရှိဘဲ စစ်သားကို ညင်သာစွာဖြင့်ပင်

"စိတ်မရှိပါနှင့် မောင်ငယ် သည်ခါသာအုပ်ကို ယူပါ။ အစ်မတို့သားမုတ္တမတပ်တော်နဲ့ ပါလာသလား ကြည့်တာပါကွယ်"

စစ်သားမှာ ခါသာအုပ်ကို ယူလိုသော်လည်း အဘိုးအိုတစ်စုက သူတို့ကို စူးစိုက်ကြည့်နေသဖြင့် "ဘာခါသာလည်း သွား သွား" ကြိမ်ကိုဝင့်ပြီး သူတို့လှည်းကို နှင်ထုတ်လိုက်သည်။ သူ့ကြိမ်ချက်က ဝဲဖက်က နွားနီပေါ် ကျသွားရာ နွားသည် လှည်းကို တစောင်းကြီးဆွဲပြီး ပြေးတော့သည်။ တစ်ဖက်နွားမှာ နွားနီလောက် အပြေးမသန်ရာ ခလောက်ဆန်နေသော လှည်းပေါ်က ပြုတ်မကျအောင် လှည်းရဲ

mgyoe.com

mgyoe.com

တိုင်ကို အသေအလဲ ကိုင်ထားကြရသည်။

မြင့်ဖုန်းရှိတို့လှည်းသည် မုတ္တမရိက္ခာတင်လှည်းတစ်စီးနှင့်ငြိကာ နွားတခြား လှည်းတခြား လူတခြားဖြစ်သွားခဲ့သည်။ မြင့်ဖုန်းရှိမှာ ဖုံတောထဲက လူးလဲထစဉ် ခင်အိမှာ ခြေထောက်မျက်သွားပြီး မထနိုင်။

လှည်းသမားက နွားများကို ပြန်ဆွဲဖို့ ကြိုးစားစဉ် စစ်သားများက သေနတ်ဓားတို့ဖြင့် သူတို့ကို ဝန်းရံလိုက်ကြသည်။ မုတ္တမစစ်သားများထံမှ ဆဲဆိုသံမိုးမွှန်သွားသည်။

မြင့်ဖုန်းရှိနှင့် ခင်အိသည် သူတို့ကို လက်နက်များဖြင့် ဝန်းရံထားသည့် သန်လျင်စစ်သားများ၏ ကြားသို့ ရောက်ရှိနေခဲ့သည်။

လှည်းသမားက နွားများကို ပြန်ကောက်ကာ လှည်းမှာတပ်ဖို့ ကြိုးစားနေခဲ့သည်။ သန်လျင်စစ်သားတို့က လှည်းရောလူများကိုပါ လက်နက်များဖြင့် ဝန်းရံပြီး ခေါ်ဆောင်သွားခဲ့သည်။

ခင်အိမှာ ခြေပွတ်တိုင်လည်သွားသဖြင့် ခြေထောက်ပြန်မထောက်နိုင်ဘဲရှိရာ သန်လျင်စစ်သားက ပြောင်းရှည်သေနတ်ထိပ်မှ လှံစွပ်ဖြင့် မထိတထိ တို့ပြီး ထခိုင်းရာ ကြောက်စိတ်ဒေါသစိတ်မွှန်လျက် ထဖို့ကြိုးစားရာက မထနိုင်ဘဲ ယိုင်သွားသဖြင့် မြင့်ဖုန်းရှိက တွဲခေါ်ရသည်။ သို့တိုင် မြင့်ဖုန်းရှိမှာလည်း ခါးနာသွားသဖြင့် ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ကျောထဲက အသဲခိုက်မျှ ခံစားနေရသည်။

သူတို့အဖြစ်ကို ရိက္ခာတင်လှည်းများမှ မုတ္တမစစ်သားများကရော အဘိုးအိုများကပါ ကြည့်နေခဲ့ကြသည်။ မြင့်ဖုန်းရှိမှာ မျောက်ပွဲပမာ အကြည့်ခံနေရသဖြင့် ရှက်ရှက်နှင့် ဒေါသထွက်နေခဲ့သည်။ ခင်အိမှီတွဲထားသည့် လက်မောင်းတစ်ဖက်က နာလာသည်။

"ကဲ ခေါ်သွားစမ်း၊ နင်တို့ ဗိုလ်ချုပ်ဆီသာ ခေါ်သွားစမ်း"

ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်သည်။ သန်လျင်စစ်သားတို့က လှံစွပ်နှင့်ချိန်၍ ခေါ်သွားခဲ့ကြသည်။ မြင့်မားသော သစ်တိုပင်ကြီးများနှင့် ဇရာမကညင်ပင်ကြီးများ ဝန်းရံနေသည့် တောင်ကမူလေးတစ်လုံးဆီသို့ပင်။ သစ်ပင်များ၏ သစ်ကိုင်းများက ကွယ်ထားသဖြင့် ရှေ့တွင် ဘာရှိမှန်းမသိနိုင်။ တောင်ကုန်းကလေးသို့ တက်သာလာရသည်။ ရင်ကတထိတ်ထိတ်။

လမ်းကွေ့ကလေးအတိုင်း တက်လာလျှင် အဝါရောင် ဆေးသုတ်ထားသည့် တိုက်အိမ်ကြီးကို မြင်ရသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ပေါ်တကေတို့၏ အလံက အလံတိုင်ထိပ်မှာ ကြွားကြွားဝင့်ဝင့် လေမှာ တဖြန်းဖြန်းလွင့်လျက်။ လက်နက်ကိုင်အစောင့် စစ်သားအများအပြားကို တွေ့မြင်ရသည်။ ထိုအိမ်ကြီး၏ နောက်ကျောမှာ လှိုဏ်တစ်ခုကိုစီးမိုးပြီး ဆောက်ထားရာ လှိုဏ်ထဲတွင် ဂူသဖွယ် ပြုလုပ်ထားသော လက်နက်တိုက်များနှင့် အကျဉ်းသားတို့ ထားရာ နေရာများ ရှိနေခဲ့သည်။

ကိုယ်ရံတော်လှည်းသမားမှာ အထောက်တော်ဘဝဖြင့် ထိုနေရာများတွင် ကျက်စားခဲ့ဖူးသူဖြစ်သည်။ ရခိုင်ဘုရင့်သားတော်မင်းခမောင်းကို ပေါ်တကေတို့ အဖမ်းခံရစဉ်က မင်းခမောင်းထားရှိရာကို ထောက်လှမ်းနိုင်ဖို့ သူကိုယ်တိုင် ဥပါယ်တံမျဉ်ဖြင့် အဖမ်းခံရင်း ရောက်ခဲ့ဖူးသော နေရာဖြစ်သည်။ ဂူ၏အအေးဓာတ်နှင့် အတူ သူ၏နံကြားမှ စူးအောင့်သောဝေဒနာများကြားတွင် လှဲလျောင်းရင်း မင်းခမောင်း၏သတင်းကို မရလိုက်ပဲ သူကိုယ်တိုင်ပင် ထိုဂူထဲမှာ သေဆုံးခဲ့လေမလား ထင်မိခဲ့ပုံကို သတိရနေမိသည်။

သန်လျင်သားတို့နှင့် ဂျင်ကစားရင်း ရန်ဖြစ်ခဲ့သူ ကုန်သည်တစ်ဦးအဖြစ် ရောက်ရှိခဲ့ခြင်းမို့သာ အသက်နှင့်ခန္ဓာ အိုးစားမကွဲခဲ့ခြင်းဖြစ်ပါသည်။ အခြားအခြားသော အကျဉ်းသားတို့၏ ငရဲခန်းများကို ကြားသိခဲ့ရသည်။ ယခင်က ပိုးကုန်သည် တစ်ဦးအဖြစ် ပိုးဖဲကတ္တီပါ လက်ဝတ်ရတနာများဖြင့် သန်လျင်မြေမှာ သားသားနားနား ကျင်လည်ခဲ့ပုံကို ပြန်တွေးနေမိသည်။ ပါးစောင်မှ ငန်ပျပျသွေး၏ အရသာကို သတိရမိသည်။ မင်းခမောင်းကို ဖမ်းထားရာကို အစောင့်အချင်းချင်းစကားအရ ရိပ်စားမိခဲ့သည်တိုင် မင်းခမောင်း၏ ခမည်းတော်က သူ့သားကို ငွေစများဖြင့်သာ ရွေးယူဖို့ ကြိုးစားခဲ့သဖြင့် သူ၏ကြိုးပမ်းမှုများ အရာမထင်ခဲ့ရပုံတို့ကို တွေးနေခဲ့သည်။ ပေါ်တကေတို့ကို မုန်းသည့် တူးတူးခါးခါးအမုန်းက ရင်ထဲမှာ ထောင်းခနဲ ပေါ်လာခဲ့သည်။

မြင့်ဖုန်းရှိက ခင်အိကို ညင်သာစွာတွဲရင်း-

"ဆက်လျှောက်နိုင်ရဲ့လား ခင်အိငယ်"

ခင်အိက "အားကျွတ်ကျွတ် ကြိုးစားလျှောက်ပါ့မယ် အစ်မတော်ဘုရား"

မြင့်ဖုန်းရှိ၏ မျက်လုံးအစုံက လေထဲမှာ တလူလူလွင့်ပျံနေသည့် ပေါ်တကေအလံဆီသို့ ရောက်ရှိသွားသည်။

"ကဲ ဘယ်မှာလဲ တို့ကေတုမတီအလံတော်။ မောင်မောင့်ရှေ့မှာသာ ဟန်ဆောင်နေကြတာ သူခိုးတွေ ဓားပြတွေ" တီးတိုးရေရွတ်နေသည်။ ပေါ်တကေ

mgyoe.com

mgyoe.com SAMPLE BOOK
စစ်သားတစ်ဦးက-

"မြန်မြန်သွား" ဟု ပေါ်တကေဘာသာဖြင့် ပြောလိုက်သည်။

တိုက်အိမ်ကြီးထဲမှ ထွက်လာသော ပေါ်တကေတပ်ကြပ်တစ်ဦးက-

"အာရိုရို တယ်နိပ်တဲ့ အနိပ်စားတွေပါလား"

မိန်းမများကို ဖမ်းလာတိုင်း နေရာထိုင်ခင်းအကျအနနှင့် ထားကာ ဝိုင်အရက် မုန့်အချို့တို့ဖြင့် ဧည့်ခံပြီး သူလိုရာကို အရယူတတ်သည့် သူတို့၏စစ်ဗိုလ်ကို သတိရသဖြင့် တပ်ကြပ်က ပြုံးလိုက်သည်။ တိုက်ကြီးထဲတွင် ရှင်းလင်း ကျယ်ပြောသော အခန်းကြီးများကို ဖြတ်၍ ခေါ်ဆောင်လာစဉ် သံခြေချင်းသံ တချွင်ချွင်ဖြင့် တွန်းထိုးခေါ်ဆောင်လာသော အကျဉ်းသားနှစ်ဦးကို ရိုက်မောင်း ပုတ်မောင်းလုပ်နေကြသည်။ ရိုက်ရင်းနှက်ရင်းပင် ဧရာမတံခါးကြီးတစ်ခု နောက်သို့ ခေါ်ဆောင်ပျောက်ကွယ်သွားကြသည်။ အကျဉ်းသားတစ်ဦး၏ ချိုစောင်းမှ ကျဆင်းလာသော သွေးစက်များကား အင်္ဂတေကြမ်းပြင်တွင် စွန်းကွက်ကျန်ရစ်ခဲ့သည်။

အခန်းတစ်ခန်းထဲမှ မျက်လုံးပြာလဲ့လဲ့ အသားနီစပ်စပ် ဆံပင်နီထွေးထွေးနှင့် ပေါ်တကေစစ်ဝတ်စုံဝတ် လူငယ်စစ်ဗိုလ်လေးတစ်ဦး ထွက်လာသည်။ ထိုစစ်ဗိုလ်လေးက-

"ဘယ်သူတွေလဲ" ဟု ပေါ်တကေစကားဖြင့် မေးလိုက်သည်။

သန်လျင်စစ်သားက-

"သူလျှိုမတွေ" ဟု မြန်မာဘာသာဖြင့် ဖြေလိုက်သည်။

ပေါ်တကေစစ်ဗိုလ်လေးက ရယ်နေလေသည်။ သူ၏ မခိုးမခန့်ရယ်ဟန်နှင့် မရိုးသားသည့် အကြည့်ကြောင့် မြင့်ဖုန်းရှိ ထိတ်လန့်သွားသည်။ နတ်သျှင်ကို အသိမပေးဘဲ ကိုယ့်သဘောနှင့်ကိုယ် ခင်အိ၏သားကို ရှာလိုဇောဖြင့်သာ ထွက်လာခဲ့ကြရာ အရှက်တကွဲ အကျိုးနည်းရတော့လေမလား ထိတ်လန့်သွားရသည်။ အမှန်ကတော့ ဖြစ်နိုင်လျှင် နတ်သျှင်၏ ကြင်ယာမြောက်သားအဖြစ် မသိစေချင်ပါ။ သိရှိသွားသည်တိုင် မဟာမိတ်ဘုရင်တစ်ပါးအဖြစ် သည်နေရာမှာ နတ်သျှင်၏ ဩဇာ ရှိပါလေမည်လား။ ပေါ်တကေစစ်သားတို့ ဝန်းရံလျက် ပဲခူးမြစ်ကြောင်း အတိုင်း လှေပေါင်းမိုးအောက်မှာ အကျဉ်းသားတစ်စုပမာ ခေါ်ဆောင်ခြင်း ခံထားရသည်မှာ မကြာသေးပါကလား။

သို့တိုင် သည်ပေါ်တကေတွေကြားမှာ ခင်အိနှင့် နန္ဒယော်ဓာတို့ သားကို တွေ့များ တွေ့ရလေမလား။ သူတို့ကို ခန်းမ၏ထောင့်မှာကပ်ပြီး ရပ်ခိုင်းထားသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ခင်အိက မျက်နှာဖြူရော်လျက် နံရံကို မှီပြီးရပ်နေသည်။ လှည်းသမားဏ်ခါးပုံစထဲမှ ကတ္တီပါအိတ်နှင့် သွပ်ထားသော ကြေးပြားများမှာ ပေါ်တကေစစ်သား၏ ခါးပတ်ကြားတွင် တွဲချိတ်ပါသွားလေပြီ။ လှည်းသမားမှာ သူ၏ခါးပုံစထဲက ငွေကိုပြန်ပေးပါရန် ရှိခိုးဦးတင် တောင်းပန်နေရာ သူ့ခေါင်းပေါင်းပဝါထဲမှာ ထပ်မံရှိလေမလား ခေါင်းပေါင်းပဝါကို ဆွဲချွတ်သူက ဆွဲချွတ်နေကြသည်။ လှည်းသမားက သူ့ခေါင်းပေါင်းပဝါစကို ပြန်ဆွဲလိုက်ရာ ပဝါမှာ စုတ်ပြဲသွားခဲ့သည်။

"တောင်းပန်ပါတယ် အရှင်ဘုရားတို့ တောင်းပန်ပါတယ်ဘုရား"

လှည်းသမားသည် အူတူတူအတတ ပုံဆောင်နေသော်လည်း သူ့သခင်မတို့ကို ရန်များလှသည့် သည်နေရာမှ လွတ်နိုင်ဖို့ အသည်းအသန် စဉ်းစားနေခဲ့သည်။ ပဝါစုတ်ကို သူ့ခေါင်းမှာ ပြန်ရစ်လိုက်သည်။

မြင့်ဖုန်းရှိသည် သူ၏ကိုယ်ရံတော်သားကို အနိုင်ကျင့်နေကြသော ပေါ်တကေစစ်သားများကို ကြည့်ရင်း ဒေါသကြောင့် မျက်နှာတစ်ခုလုံးနီရဲနေသည်။ လက်သီးကို တင်းတင်းဆုပ်ပြီး အံကိုကြိတ်ထားမိသည်။ ခင်အိမှာ သူ့အပြစ်ကြောင့်သည်လို အရှက်တကွဲဖြစ်ရသည်ကိုတွေးကာ တစ်ကိုယ်လုံးတုန်ရီလျက် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

ထိုအခိုက် မြင်းလှည်းတစ်စီး ဝင်လာသံ ကြားလိုက်ရသည်။ မြင်းလှည်းပေါ်မှ တစ်စုံတစ်ယောက် ဆင်းလာသံ။ ပေါ်တကေဘာသာဖြင့် နှုတ်ဆက်သံတို့ကြားရသည်။ အကျဉ်းသားတို့ကို ဘာသာသွင်းပေးဖို့ ရောက်လာသည့် ပြင်သစ်ဘုန်းတော်ကြီးဖြစ်သည်။ သူသည် ခန်းမအတိုင်း လျှောက်လာစဉ် ခေါင်းပေါင်းအပြေပြေ ဖိုသီဖက်သီနှင့် တောင်းပန်နေသော လှည်းသမားကို မြင်ဖူးသလိုရှိသဖြင့် အနီးသို့ လျှောက်လာကြည့်သည်။ ထိုသို့ကြည့်ရင်း မြင့်ဖုန်းရှိနှင့် ခင်အိတို့ကိုပါ မြင်တွေ့သွားခဲ့သည်။ မမျှော်လင့်သောနေရာတွင် တွေ့မြင်သွားသဖြင့် အံ့ဩသွားရသည်။

"ဟင် သခင်မကြီးပါလား"

စစ်သားများဘက်သို့ လှည့်၍-

"အလို ဘာလုပ်ထားကြတာလဲ၊ ကေတုမတီရွှေနန်းရှင်ရဲ့ ကြင်ယာတော်ကြီးပဲ သင်တို့"

စစ်သားများက မြင့်ဖုန်းရှိကို အံ့ဩဟန် ဘုန်းတော်ကြီးကို သရော်လိုဟန်ဖြင့် ကြည့်သည်။ ဘုန်းတော်ကြီး၏ ပျာပျာသလဲ အမူအရာကြောင့် ခပ်ပြုံးပြုံးကြည့်

mgyoe.com

mgyoe.com SAMPLE BOOK

နေကြသည်။ ပြင်သစ်ဘုန်းတော်ကြီးက မြင့်ဖုန်းရှိဘက်သို့လှည့်၍-

"ဖြစ်မှဖြစ်ရတယ် သခင်မကြီး" မြန်မာလို မပီတပီဖြင့် ပြောလိုက်သည်။

"ရွှေစိတ်တော် မရှိပါနဲ့" တဆက်တည်း တောင်းပန်လိုက်ပြန်သည်။

မြင့်ဖုန်းရှိ၏ သမီးတော်လေး ကျန်းမာအောင် ဝတ်ပြုဆုတောင်းပေးမည် ဟု ပြောထားရာ ပေါ်တုဂီတို့ ရိုင်းပျမှုကြောင့် သူကြံရွယ်ထားသမျှ ပျက်ရမှာ တွေးပူနေမိသည်။ စစ်ဗိုလ်လေးက သူတို့အနားသို့ ရောက်လာသည်။

"သူတို့က ဘာဖြစ်လို့ တပ်တွေကြားထဲ ရောက်နေရတာလဲ"

ပေါ်တုဂီဘာသာဖြင့် ဘုန်းတော်ကြီးကို ခပ်မာမာမေးလိုက်သည်။

ဘုန်းကြီးက "အို ဒါတော့ ဘယ်သိမလဲ။ ဒီလိုရိုင်းရိုင်းပျပျ မဆက်ဆံ ပါနဲ့။ ဗိုလ်ချုပ်ကြီးသိရင် ဘေးသင့်ကုန်ပါ့မယ်"

စစ်ဗိုလ်က "ဒါဆို ဗိုလ်ချုပ်အခန်းထဲမှာပဲ စောင့်ခိုင်းထားမယ်"

"ဘာပဲဖြစ်ဖြစ် မသွားသင့် မလာသင့်တဲ့နေရာတွေ ရောက်လာခဲ့တာပဲ"

ဘုန်းတော်ကြီးက "ပြန်လွှတ်လိုက်ပါ၊ သခင်ကြီးဖိလစ်သိရင် စိတ်ဆိုး လိမ့်မယ်"

"တောင်ငူဘုရင်ကိုယ်တိုင်က ငါတို့ရဲ့အကျဉ်းသားပဲ"

စစ်ဗိုလ်လေးက လက်တင်ဘာသာဖြင့် ပြောလိုက်ရာ ဘုန်းတော်ကြီးမှာ ခေါင်းနပန်းကြီးသွားရသည်။ သခင်ကြီး ဖိလစ်ဒီဘရစ်တို ကိုယ်တော်တိုင်က နန်း ကျဘုရင် နတ်သျှင်နောင်အပေါ် မဟာမိတ်ရောင်းရင်းတစ်ဦးပမာ ဆက်ဆံပုံကို သိသူမို့ ဒင်းလို လက်ဖတင်နင်ဗိုလ်တစ်ဦးက တာဝန်မဲ့ပြောလိုက်ပုံကို မနှစ်မြို့ နိုင်ဘဲ ဖြစ်သွားရသည်။

မြင့်ဖုန်းရှိမှာ ပြင်သစ်ဘုန်းတော်ကြီးရောက်လာသဖြင့် အားရှိသွားသော် လည်း စစ်ဗိုလ်လေးနှင့် အချေအတင်ပြောနေပုံကို ကြည့်ရင်း ရင်မောနေမိသည်။ ပြင်သစ်ဘုန်းတော်ကြီးမှာ ဖိလစ်ဒီဘရစ်တိုက ဂရုပြုလေးစားခြင်းခံရသူဖြစ်သော် လည်း တပ်ဗိုလ်တပ်သားတို့ ဘုရားကျောင်းမှန်မှန်မတက်ပုံကို ဖိလစ်ထံတိုင်ကြား လေ့ရှိသဖြင့် ပေါ်တုဂီစစ်ဗိုလ်တို့၏ မထီမဲ့မြင်ပြုမှုကို ခံရလေ့ရှိသည်။ သို့သော် ဘုန်းတော်ကြီးအဖို့ ပေါ်တုဂီပိုင် ဒီအဂ်ါ(သောင်ထီးကျွန်း)တွင် သူတို့ထက် အဆတစ်ရာဆိုးသည့် ပေါ်တုဂီကျွန်ဖမ်းသမားများနှင့် ဓားပြတိုက်လုယက် လူသတ် ထင်ရာစိုင်းနေကြသော ပေါ်တုဂီများနှင့် ကြုံခဲ့ဖူးသူဖြစ်ရာ စစ်ဗိုလ် လူငယ်ကို ဘာမျှမပြောတော့ပဲ မြင့်ဖုန်းရှိဖက်သို့သာ လှည့်၍-

mgyoe.com